# ယနေ့မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၈၃)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ ၁၂–၉–၂၀၂၄၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

သာယာသောစကားကို ပြောဆိုတတ်သော်လည်း ရုပ်အဆင်းပင်လှသော်လည်း သူတစ်ပါးစည်းစိမ်ကို ပြူစုတတ်၊ ဝန်တိုတတ်၊ ကောက်ကျစ်စဉ်းလဲတတ်လျှင် ထိုသူသည် သူတော်ကောင်းမဟုတ်။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေဘေးသင့်ပြည်သူများကို ယာယီရေဘေးရှောင်စခန်းများဖွင့်လှစ်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၂

နေပြည်တော် ကောင်စီနယ်မြေအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေ၊ ချောင်းရေများ မြင့်တက်လာပြီး ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့မှ ရပ်ကွက်၊ ကျေးရွာများတွင် ရေနစ်မြုပ်မှုများ ဖြစ်ပွားလျက်ရှိသည့်အတွက် လတ်တလောတွင် ယာယီရေဘေးရှောင်စခန်းများ ဖွင့်လှစ်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ပြောင်းရွှေ့နေရာချထားပေး**

အဆိုပါ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ရေဘေးလွတ်ရာ ယာယီ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ စက်လှေများ၊ မော်တော်ယာဉ်များဖြင့်

စာမျက်နှာ ၅ သို့ ○



ကူညီကယ်ဆယ်ရေးအဖွဲ့များက ရေဘေးသင့်ပြည်သူများအား ရေဘေးလွတ်ရာ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ပေးစဉ်။

## အထူးမိုးလေဝသ သတိပေးချက်

နေပြည်တော် စက်တင်ဘာ ၁၂

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများနှင့် အနောက်မြောက်ပိုင်းဒေသများတွင် ဖြစ်ပေါ်ခဲ့သော လေပွေလိုင်းသည် အနောက်- အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေပွေလိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၃၆ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော

စာမျက်နှာ ၄ သို့ ✪


**ယနေ့ ဖတ်စရာ အညွှန်း**

ထရစ်ပီယာ နယူးကာဆယ်အသင်းတွင် ဆက်ရှိသွားမည် — စာမျက်နှာ ၁၁

ကိုယ်၊ စိတ်နှစ်ပါး အေးချမ်းသွားအောင် တရားရိပ်မှာ နားခိုပါ (ဆောင်းပါး) — စာမျက်နှာ ၁၇

ကလေး၏နာခေါင်းထဲသို့ ဆားရည်အစက်ချပေးပါက အအေးမိဖျားနာမှုရက်တိုအတွင်း ပျောက်ကင်းမည် — စာမျက်နှာ ၁၈



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၁၇ ) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်၊ သောကြာနေ့။

မန္တလေး

## အရည်အသွေးပြည့်ဝသည့် သင်တန်းသားများ မွေးထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုသင်တန်းကျောင်း (Industrial Training Center - ITC)များအား မြန်မာနိုင်ငံ အမျိုးသားအဆင့် ပညာရေးအရည်အသွေးမူဘောင် အဆင့် အတန်းသတ်မှတ်နိုင်ရေးနှင့် ရေ့ဆက်လက်ပေါင်းစပ်ပညာ သင်ကြားရန်အတွက် ချိတ်ဆက်ဖော်ဆောင်နိုင်ရေး အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပလျက်ရှိသည်။

ယခုအခါ စက်မှုသင်တန်းကျောင်းများတွင် အရည် အသွေးပြည့်ဝသည့် သင်တန်းသားများ မွေးထုတ်နိုင်ရန် Program Standards, Program Evaluation Manual, ITC Teacher Standard Quality Assurance Framework များကို ပြုစုရေးဆွဲ၍ အကောင်အထည်ဖော်လိုက်နာ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အရည်အသွေးစီမံခန့်ခွဲမှု စနစ်ကိုလည်း ကျင့်သုံးလျက်ရှိရာ မြန်မာနိုင်ငံအမျိုးသား အဆင့်ပညာရေး အရည်အသွေးမူဘောင်အဆင့်အတန်းရှိ သင်တန်းကျောင်းများအဖြစ် သတ်မှတ်ရေးနှင့် ရှေ့ဆက် လက်ဆောင်ရွက်နိုင်မည့်လမ်းကြောင်း ချိတ်ဆက်ဖော်ဆောင် ရေးအတွက် ယခုအလုပ်ရုံဆွေးနွေးပွဲမှ တွေ့ရှိချက်များ ဖော် ထုတ်၍ ပြင်ဆင်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း က စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် ဆွေးနွေးဆုံးဖြတ် ချက်များနှင့် အကြံပြုဆွေးနွေးချက်များ၊ ရလဒ်များသည် စက်မှုသင်တန်းကျောင်းများ၏ ရှေ့ဆက်သွားရမည့် အကောင် အထည်ဖော်ဆောင်ရေးလုပ်ငန်းစဉ်များတွင် များစွာ အကျိုးပြုပြီး TVET ကဏ္ဍမြှင့်တင်ရေးကိုလည်း အထောက် အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် နည်းပညာ၊ သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ TVET ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အကျိုးရှိမည်သာမက နိုင်ငံတွင်း၊ ဒေသတွင်းမှသည် နိုင်ငံ တကာအဆင့်ထိ TVET ကဏ္ဍဆိုင်ရာကိစ္စရပ်များကို ကောင်းစွာချိတ်ဆက်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည် ကြောင်း ပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အဖွဲ့အလိုက် ဆွေးနွေးမှုများ ဆောင်ရွက်ပြီး တွေ့ရှိချက်များကို ဖော်ထုတ် ရှင်းလင်းခြင်း၊ တက်ရောက်လာသူများက အကြံပြုဆွေးနွေး ခြင်း၊ စက်မှုသင်တန်းကျောင်းဆင်းများအတွက် ပညာများ ဆက်လက်သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ရမည့် နည်း လမ်းများကို ဖော်ထုတ်ခဲ့သည်။

သို့ဖြစ်ရာ စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ်လျက်ရှိသည့် စက်မှုသင်တန်းကျောင်းများတွင် အရည်အသွေးပြည့်ဝသည့် သင်တန်းသားများ မွေးထုတ်နိုင်ရေး၊ မြန်မာနိုင်ငံအမျိုးသား အဆင့်ပညာရေး အရည်အသွေးမူဘောင်အဆင့်အတန်း သတ်မှတ်နိုင်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်နိုင်မည့်လမ်း ကြောင်း ချိတ်ဆက်ရာတွင် လိုအပ်သောအပိုင်းများ ဖော် ထုတ်ခြင်း၊ ထပ်မံဖြည့်စွက်ခြင်းနှင့် ဆန်းစစ်ခြင်းလုပ်ငန်းစဉ် များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေ သည်။

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးရှင်းလင်းပွဲ ကျင်းပ



**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန် တိုင်ရပ်ကွက်၊ ရန်ကုန်-မန္တလေး လမ်းပေါ်ရှိ မျိုးသိန်းမွှေးရုံ၌ စက် တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးရှင်းလင်းပွဲ ကျင်းပ ပြုလုပ်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ကြီးတံခွန်မြို့နယ် သန်းခေါင် စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ကျော်သူထွန်း၊ မြို့နယ်သန်းခေါင် စာရင်းကော်မတီ အတွင်းရေးမှူး မြို့နယ်လဝကဦးစီးမှူး ဦးအောင် သွင်နှင့် မြို့နယ်သန်းခေါင်စာရင်း ကော်မတီဝင်များ၊ ရပ်ကွက်အုပ် ချုပ်ရေးမှူး၊ ရာအိမ်မှူးများနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်း အင်အား ၂၀၀ ခန့် တက်ရောက် ကြသည်။

အခမ်းအနားတွင် မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင် က သန်းခေါင်စာရင်းဆိုင်ရာ ရည် ရွယ်ချက်၊ ကောက်ယူမည့် နည်း လမ်း၊ ကောက်ယူမည့် အိမ်ထောင် စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေး ခွန်းများအား အကျယ်တဝင့် အသိပညာပေးရှင်းလင်းခဲ့ကာ တက်ရောက်လာသည့် ပြည်သူ များက သန်းခေါင်စာရင်းဆိုင်ရာ မေးမြန်းလာမှုများအား ပြန်လည် ဖြေကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်သန်းခေါင် စာရင်းကော်မတီဝင်များက အခမ်း အနားသို့ တက်ရောက်လာသူများ အား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြကြောင်း သိရသည်။

(ဝ၅၃)



## အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်ရေးရာဟောပြောပွဲ ပြုလုပ်

**မန္တလေး စက်တင်ဘာ ၁၂**

ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံ ပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျင်းပသော လူငယ်ရေးရာဟော ပြောပွဲကို ယနေ့ နံနက် ၉ နာရီ ခွဲက မန္တလေး၊ အောင်မြေသာစံ မြို့နယ် အမှတ်(၂၀)အခြေခံပညာ အထက်တန်းကျောင်း မြတ်စေ တနာခန်းမတွင် ကျင်းပပြုလုပ် သည်။ **(ဝဲပုံ)**

အဆိုပါ လူငယ်ရေးရာ ဟောပြောပွဲတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စမ်းစမ်းအေးက လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့် လည်း ကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက လူငယ်နှင့် ဆိုရှယ်မီဒီယာခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးပညာပေး ဟောပြောကြပြီး ကျောင်းအုပ် ဆရာမကြီး ဒေါ်ဝါဝါက ကျေးဇူး တင်စကား ပြန်လည်ပြောကြား သည်။

အခမ်းအနားသို့ ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီနှင့် အခမ်းအနားအပြီးတို့တွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနက ခင်းကျင်းပြသ ထားသော စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များအား ကျောင်း သား၊ ကျောင်းသူများက စိတ်ပါ ဝင်စားစွာ လေ့လာကြည့်ရှုကြ ကြောင်း သိရသည်။ (ဝ၉၃)

## စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲ ပြုလုပ်

**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် မှန်တန်းရပ်ကွက် ရှိ အ·ထ·က(ပလစ-၂)ကျောင်း တွင် စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့ သရုပ်ပြပွဲအား အမရပူရမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်မျိုးထက် ဦးဆောင်၍ တပ်ဖွဲ့ဝင်(၄)ဦးဖြင့် ယနေ့ မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးဟော ပြောပွဲတွင် အမရပူရမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်မျိုးထက်က မီးလောင်မှု ၏ အခြေခံသဘောတရားများ၊ မီးငြိမ်းသတ်ခြင်း အဆင့်ဆင့်၊ ကနဦးမီးငြိမ်းသတ် ခြင်းနည်း လမ်းများ၊ မီးခိုးအန္တရာယ်ကြုံ တွေ့လာပါက လိုက်နာရမည့် အချက်များ၊ မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ခြင်း အကြောင်းများအား အသိပညာ ပေးဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား မီးဘေးလုံခြုံ ရေး အသိပညာပေး လက်ကမ်း စာစောင်(၂၇၀) ဖြန့်ဝေခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းအား သရုပ်ပြဆောင်ရွက်ခဲ့ရာ ကျောင်း သား၊ ကျောင်းသူအင်အား (၂၇၀) ဦး တက်ရောက်ပြီး လက်တွေ့ မီးငြိမ်းသတ်ခြင်းများတွင် စိတ်ပါ ဝင်စားစွာ ပါဝင်ငြိမ်းသတ်ခဲ့ ကြကြောင်း သိရသည်။

**(အောက်ပုံ)(ဝ၈၄)**



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(ဝ၁ဝ၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (ဝ၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ဝ၂-၂၈၄၇၃၉၈၊ ဝ၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-ဝ၂-၄ဝ၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများနှင့်ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိ

## (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ထံမှ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ တည်ဆဲဥပဒေများအရ တားဆီးနှိမ်နင်းရေးများ ဆောင်ရွက်ခဲ့ပါသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို ပြည်သူတစ်ရပ်လုံး သိရှိကာ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းခဲ့သည့် စက်တင်ဘာလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလာခဲ့သည်မှာ ယခုအခါ (၁၂)ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

လူကုန်ကူးမှုသည် ၂၀ ရာစုနှောင်းပိုင်းတွင် ခေတ်သစ်ကျွန်ပြုမှုအသွင်ဖြင့် ပေါ်ပေါက်လာကာ ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုအဖြစ် ဖြစ်ပွားလျက်ရှိပါသည်။ နိုင်ငံတကာ ကျွမ်းကျင်သူများ၏ တွက်ချက်မှုများအရ လူကုန်ကူးမှုသည် တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှုနောက်တွင် အမြတ်အစွန်းရရှိမှု၏ ဒုတိယအကြီးဆုံး အရင်းအမြစ်အဖြစ် သတ်မှတ်ခံထားရပါသည်။

လူကုန်ကူးမှုသည် လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာနှင့် လူ့အဖွဲ့အစည်းကို ထိခိုက်ပျက်စီးစေရုံသာမက အသက်အိုးအိမ်စည်းစိမ်ကိုပါ များစွာထိခိုက်စေလျက်ရှိကာ လူကုန်ကူးသူများအနေဖြင့် အမြတ်အစွန်းကြီးမားစွာ ရရှိသောကြောင့် မြန်မာနိုင်ငံအတွင်း၌ ဖြစ်ပွားရုံသာမက နိုင်ငံ၏နယ်နိမိတ်ဖြတ်ကျော်ကာ အခြားနိုင်ငံများဆီသို့ ဦးတည်၍ ဖြစ်ပွားလျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention against Transnational Organized Crime – UNCTOC)နှင့် နောက်ဆက်တွဲစာချုပ်ဖြစ်သည့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အထူးပြုသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ်(Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women and Children)၊ ကုန်းလမ်း၊ ရေလမ်းနှင့်လေကြောင်း အသုံးပြု၍ ရွှေ့ပြောင်းသွားလာသူများအား မှောင်ခိုပို့ဆောင်မှုဆိုင်ရာစာချုပ် (Protocol against the Smuggling of Migrants by Land, Sea and Air)တို့ကို ၂၀၀၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင်လည်းကောင်း၊ လူကုန်ကူးခြင်း အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း (ASEAN Convention Against Trafficking in Persons Especially Women and Children-ACTIP)ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် လည်းကောင်း အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။

မိမိတို့မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုပြဿနာများကို တိုက်ဖျက်နိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီ(၄)ရပ်နှင့် အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များအား စနစ်တကျဖွဲ့စည်း၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ အလေးထားဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံလူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုများဖြင့် လူကုန်ကူးမှုကြိုတင်ကာကွယ်ရေး၊ မှုခင်းများအား တရားစွဲဆိုရေးလုပ်ငန်းများနှင့် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို (၅)နှစ်စီမံကိန်းများရေးဆွဲ၍ မဟာဗျူဟာ(၃)ရပ်၊ နည်းဗျူဟာ(၄)ရပ်နှင့် လုပ်ငန်းကဏ္ဍ(၄)ရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)၏ တတိယနှစ်ဖြစ်သည့် ၂၀၂၄ ခုနှစ် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင်မြင်အောင် ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ လူကုန်ကူးမှုပြဿနာသည် အိမ်နီးချင်းနိုင်ငံများနှင့် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံအချို့၏ ဈေးကွက်လိုအပ်ချက်များနှင့် ချိတ်ဆက်ဖြစ်ပွားလျက်ရှိနေကြောင်း တွေ့ရှိနေရပါသည်။ နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့် ကိန်းဂဏန်းများအရ ပြည်တွင်းလူကုန်ကူးမှု ၅၆ ရာခိုင်နှုန်း၊ ပြည်ပလူကုန်ကူးမှု ၄၄ ရာခိုင်နှုန်း ဖြစ်ပွားလျက်ရှိပြီး ပြည်တွင်းလူကုန်ကူးမှုတွင် အဓမ္မပြည့်တန်ဆာပြုမှု၊ အဓမ္မခိုင်းစေမှုများ အဓိကဖြစ်ပွားလျက်ရှိပါသည်။ ပြည်ပလူကုန်ကူးမှုအနေဖြင့် အဓမ္မလက်ထပ်ထိမ်းမြားမှု၊ အဓမ္မပြည့်တန်ဆာပြုမှု၊ အဓမ္မခိုင်းစေမှု၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေမှု၊ အဓမ္မမွေးစားမှု၊ ကလေးရောင်းစားမှုနှင့် အဓမ္မတောင်းရမ်းစေခိုင်းမှုများ ဖြစ်ပွားလျက်ရှိပါသည်။ ထို့အပြင် ၂၀၂၄ ခုနှစ်တွင် အိမ်နီးချင်းနိုင်ငံသို့ ဦးတည်ဖြစ်ပွားသည့် အငှားကိုယ်ဝန်ဆောင်သည့် လူကုန်ကူးမှုကိုလည်း ဖော်ထုတ်နိုင်ခဲ့ပါသည်။

လူကုန်ကူးမှုကျူးလွန်သူများသည် ယခင်က ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော် စသည့်ဒေသများမှ အမျိုးသမီးငယ်များကို လိမ်လည်စုဆောင်း၍ အိမ်နီးချင်းနိုင်ငံများသို့ ပို့ဆောင်ခဲ့ကြပြီး ယခုအခါတွင် နယ်စပ်ဒေသရှိ လူကုန်ကူးသူများထံသို့လည်းကောင်း၊ တစ်ဖက်နိုင်ငံရှိ လူပွဲစားများထံသို့လည်းကောင်း ပို့ဆောင်ရောင်းစားနေကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ပြည်တွင်းလူကုန်ကူးမှုများတွင် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော် စသည့်ဒေသများမှ အမျိုးသမီးငယ်များအား လိမ်လည်ခြင်း၊ သွေးဆောင်စည်းရုံးခြင်းဖြင့် စုဆောင်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း)ရှိ (မူဆယ်၊ လောက်ကိုင်၊ မိုင်းပေါက်၊ တာချီလိတ်) ဒေသများသို့ ပို့ဆောင်ပြီး အဓမ္မပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်းများ ကျူးလွန်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ယခင်ကာလများက ဆင်းရဲနွမ်းပါးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုများကြောင့် ပညာအရည်အချင်း နိမ့်ပါးသူများသာ လူကုန်ကူးခံရသည့် ပြဿနာများ ပေါ်ပေါက်ခဲ့သော်လည်း ယခုကာလတွင် ပညာတတ်များလည်း လူကုန်ကူးခံရသည့် ဖြစ်စဉ်များတွင် ပါဝင်နေကြောင်း တွေ့ရှိနေရပါသည်။ လူကုန်ကူးသူများသည် တိုးတက်ပြောင်းလဲလာသည့် နည်းပညာများကိုအခြေခံကာ Facebook, Wechat, Telegram, Tik Tok များအသုံးပြုပြီး မက်လုံးပေးစည်းရုံး၍ အွန်လိုင်းလိမ်လည်မှုခင်းများ ကျူးလွန်လာကြရာမှ ၎င်းနှင့်ဆက်နွှယ်ပြီး လူကုန်ကူးမှုများ၊ တရားမဝင် လူစုဆောင်းခြင်းများ၊ လိမ်လည်မှုများပြုလုပ်ကာ လူသားအချင်းချင်းအပေါ် ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ အဓမ္မခိုင်းစေခြင်း၊ အဓမ္မလက်ထပ်ခိုင်းစေခြင်းနှင့် အဓမ္မအငှားကိုယ်ဝန်ဆောင်စေခြင်း စသည်တို့ကို ကျူးလွန်လျက်ရှိကြောင်း တွေ့ရှိလာရပါသည်။

ယခုအခါ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၌ အွန်လိုင်းလိမ်လည်မှု(Online Scam)နှင့် အွန်လိုင်းလောင်းကစား (Online Gambling)များ တရားမဝင် ဖွင့်လှစ်လုပ်ကိုင်လာကြပြီး နိုင်ငံခြားသားများကို အွန်လိုင်းမှ စည်းရုံးကာ အတင်းအကျပ်ခိုင်းစေမှုများ ကြုံတွေ့နေရပါသည်။ အဆိုပါဖြစ်ပေါ်နေမှုကို နိုင်ငံတကာမှ ပုံစံသစ်ဖြင့် ဖြစ်ပေါ်လာသော လုပ်အားခေါင်းပုံဖြတ်သည့် လူကုန်ကူးမှု (New Emerging Trend of Human Trafficking)ဟု အမည်တပ်လာကြပါသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း အွန်လိုင်းလိမ်လည်မှု (Online Scam)လုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းလျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် အတင်းအကျပ်ခိုင်းစေခံရသူများကို ကယ်တင်၍ နေရပ်ဒေသများသို့ ပြန်လည်စေလွှတ်လျက်ရှိပါသည်။ အဆိုပါဖြစ်စဉ်များတွင် ဒေသတွင်းမဟုတ်သည့် အခြားနိုင်ငံများက နိုင်ငံခြားသားများလည်း ပါဝင်လာသည်ကို တွေ့ရှိနေရသည့်အတွက် အလေးအနက်ထားထိန်းချုပ်ရန် လိုအပ်သောကြောင့် နိုင်ငံပေါင်းစုံ ပူးပေါင်းပါဝင်မှုဖြင့် တိုက်ဖျက်နိုင်ရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ အွန်လိုင်းမှတစ်ဆင့် လိမ်လည်ဖြားယောင်းမှုများနှင့် ပတ်သက်ပြီး ပြည်သူလူထုသိရှိနိုင်ရေး အသိပညာပေးမှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသို့ တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းနိုင်ရေးအတွက် ၂၉-၁၁-၂၀၂၃ ရက်နေ့တွင် ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးလုပ်ငန်းကော်မတီအား ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါကော်မတီမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်နေသည့် အွန်လိုင်းလိမ်လည်မှုဖြစ်စဉ်များအပေါ် စိစစ်၍ လူကုန်ကူးခံရနိုင်ခြေ အလားအလာရှိသူ(Potential Victim) များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်ဒေသများမှတစ်ဆင့် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိလာပြီး အခက်အခဲမျိုးစုံကြုံတွေ့နေရသည့် နိုင်ငံခြားသားများအား မြန်မာနိုင်ငံရှိ သံရုံးများနှင့် National Central Bureau လမ်းကြောင်းများမှတစ်ဆင့် အကူအညီတောင်းခံလာမှုများနှင့်ပတ်သက်၍လည်း ကယ်တင်ရရှိသူများကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံတွင် ယခင်ကာလများက ဆင်းရဲနွမ်းပါးမှုနှင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးမှုများကြောင့် ပညာအရည်အချင်း နိမ့်ပါးသူများသာ လူကုန်ကူးခံရသည့် ပြဿနာများ ပေါ်ပေါက်ခဲ့သော်လည်း ယခုကာလတွင် ပညာတတ်များလည်း လူကုန်ကူးခံရသည့် ဖြစ်စဉ်များ တွင် ပါဝင်နေကြောင်း တွေ့ရှိနေရပါသည်။ လူကုန်ကူးသူများသည် တိုးတက်ပြောင်းလဲလာသည့် နည်းပညာများကို အခြေခံကာ Facebook, Wechat, Telegram, Tik Tok များ အသုံးပြုပြီး မက်လုံးပေးစည်းရုံး၍ အွန်လိုင်းလိမ်လည်မှုခင်းများ ကျူးလွန်လာကြရာမှ ၎င်းနှင့်ဆက်နွှယ်ပြီး လူကုန်ကူးမှုများ၊ တရားမဝင် လူစုဆောင်းခြင်းများ၊ လိမ်လည်မှုများ ပြုလုပ်ကာ လူသားအချင်းချင်းအပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း၊ အဓမ္မခိုင်းစေခြင်း၊ အဓမ္မလက်ထပ်ခိုင်းစေခြင်းနှင့် အဓမ္မအငှားကိုယ်ဝန်ဆောင်စေခြင်း စသည်တို့ကို ကျူးလွန်လျက် ရှိကြောင်း တွေ့ရှိလာရ**

စာမျက်နှာ ၄ သို့ ☆

✫ စာမျက်နှာ ၃ မှ

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့်လည်း ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများအကြား အကောင်အထည်ဖော်ဆောင်ရွက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်း၊ လုပ်ငန်းလမ်းညွှန်(TOR)နှင့် လုပ်ငန်းစီမံချက်ကို အပြီးသတ်ရေးဆွဲ အတည်ပြုနိုင်ခဲ့ပါသည်။

မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ၏ ဝန်ကြီးများအဆင့်အစည်းအဝေးများ၊ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဒေသတွင်းလုပ်ငန်းအဖွဲ့အစည်းအဝေးများကို ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ဒေသတွင်းနိုင်ငံများအကြား လူကုန်ကူးမှုများကို ထိရောက်စွာတိုက်ဖျက်နိုင်ရေးအတွက် မဲခေါင်ဒေသခွဲလုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခဲ့ရာ (၄)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပါသည်။ လုပ်ငန်းစီမံချက်ပါလုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့အကြား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့တို့အကြား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံရဲတပ်ဖွဲ့တို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေးများကို မြန်မာနိုင်ငံမှ ဦးဆောင်ကျင်းပနိုင်ခဲ့ပါသည်။

အစည်းအဝေးများတွင် ဒေသတွင်းနှင့် နိုင်ငံဖြတ်ကျော်ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုများတိုက်ဖျက်ရေးနှင့် လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးခံရသူများ ကယ်တင်ရရှိရေး၊ လူကုန်ကူးမှုများ စုံစမ်းစစ်ဆေးရေးနှင့် တရားခံစုံစမ်းဖော်ထုတ်ရေး၊ လူမှုကွန်ရက်အသုံးပြု၍ လူကုန်ကူးမှုကျူးလွန်ခြင်းများ စုံစမ်းဖော်ထုတ်ရေးနှင့် ပြစ်မှုကျူးလွန်သူ အတည်ပြုရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကြိုတင်ကာကွယ်ခြင်းသည် ထိရောက်သော ဟန့်တားမှုဖြစ်သဖြင့် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ပြည်သူလူထုကို လူကုန်ကူးမှုအသိပညာပေးမှုခင်းသတင်းများ၊ ဆောင်းပါးများ၊ ကဗျာများ၊ ဇာတ်လမ်းတိုများ၊ တေးသီချင်းများ၊ အသိပညာပေးစကားဝိုင်းများ စသည်တို့အား ထုတ်လွှင့်ပြသခြင်း၊ တယ်လီဖုန်းအော်ပရေတာများမှတစ်ဆင့် SMS ပေးပို့ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် Hot Line ဖုန်းများ တိုးချဲ့တပ်ဆင်ခဲ့ပြီး လူကုန်ကူးမှုသတင်းလက်ခံခြင်း၊ အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ခြင်း၊ အရေးယူခြင်းနှင့် ကယ်တင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် သက်ဆိုင်ရာဌာနများအချင်းချင်းပူးပေါင်း၍ မြို့ပြဒေသများတွင်သာမက ကျေးလက်ဒေသများအထိ ပြည်သူလူထုများ အသိပညာရရှိရေးအတွက် လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ အသိပညာပေး Billboard များစိုက်ထူခြင်း၊ ကားဂိတ်၊ ရေဆိပ်၊ လေဆိပ်၊ ဘူတာရုံစသည့် လူစည်ကားရာနေရာများတွင် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ စတေကာများကပ်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

လူကုန်ကူးမှုနှင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင်လည်း ပြည်ပသို့ထွက်ခွာမည့်သူများအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ တိုက်ရိုက်ဆက်သွယ်အကူအညီတောင်းခံနိုင်သည့် Whats App၊ QR Code ၊ Viber QR Code များ ပေးအပ်ကာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးခံရနိုင်ခြေအန္တရာယ် အများဆုံးရှိနိုင်သော လူမှုအသိုင်းအဝိုင်းများဖြစ်သည့် အခြေခံလူတန်းစားများ၊ လက်လုပ်လက်စားများ၊ လမ်းပေါ်နေထိုင်သူများ၊ လမ်းပျော်များ၊ ဆယ်ကျော်သက် ကျား/မ လူငယ်လူရွယ်များကို ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အသိပညာပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ပေးခြင်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

လူကုန်ကူးမှု ကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိုက်သင့်သောပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ/လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေဖြင့် ပြစ်ဒဏ်ချမှတ်မှု ၆၄ မှုတွင် ထောင်ဒဏ်တစ်သက် ငါးဦး၊ ထောင်ဒဏ် ၄၀ နှစ် နှစ်ဦး၊ ထောင်ဒဏ် ၂၅ နှစ် တစ်ဦး၊ ထောင်ဒဏ် ၂၀ နှစ် ၂၀ ဦး၊ ထောင်ဒဏ် ၁၅ နှစ်နှင့်အောက် ၈၃ ဦးတို့အား ပြစ်ဒဏ်ချမှတ်နိုင်ခဲ့ပါသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို တရားမဝင်ရွှေ့ပြောင်း သွားရောက်အလုပ်လုပ်ကိုင်ရာမှ လူကုန်ကူးခံရနိုင်ခြင်း၊ အဓမ္မခိုင်းစေခံရနိုင်ခြင်း၊ အလုပ်သမားအခွင့်အရေးအပြည့်အဝမရရှိခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းတို့ ကြုံတွေ့နိုင်ကြောင်းနှင့် လူကုန်ကူးမှုကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ အသိပညာပေးမှုများ ဆောင်ရွက်ပြီး စိစစ်ကြပ်မတ်လျက်ရှိပါသည်။

မြန်မာနိုင်ငံသားများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများသို့ ပို့ဆောင်ရန် မက်လုံးပေးစည်းရုံးပြောဆိုပြီး စုဆောင်းခြင်းများကိုလည်း တရားမဝင်ဆောင်ရွက်နေကြသည်ကို စိစစ်တွေ့ရှိရပါသည်။ ထိုသို့ တရားမဝင်ပို့ဆောင်သူများကို ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့ပြီး နစ်နာသူများကို ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့မှု ၁၉၉ မှုရှိခဲ့ပြီး တရားခံ ကျား ၁၇၄ ဦး၊ မ ၂၀၉ ဦး စုစုပေါင်း ၃၈၃ ဦးအား အရေးယူနိုင်ခဲ့ပါသည်။


လူကုန်ကူးခံရသူများအတွက် အကောင်းဆုံးဝန်ဆောင်မှုများပေးရေးအတွက် စံလုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သည့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ် (၂၀၂၀)ကို ရေးဆွဲအတည်ပြုပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ပြည်နယ်၊ ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များအထိ စံလုပ်ငန်းစဉ်ပါလုပ်ငန်းများကိုသိရှိပြီး အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

လူကုန်ကူးခံရသူများ၏ လူမှုဘဝရပ်တည်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးထောက်ပံ့မှုပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ မိဘရပ်ထံပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်တန်းနှင့် ကျွမ်းကျင်မှုသင်တန်းများပေးခြင်းတို့ကို လူကုန်ကူးခံရသူတစ်ဦးချင်းအတွက် သင့်လျော်သောဝန်ဆောင်မှုအစီအစဉ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူကုန်ကူးခံရသူများအတွက် တရားရုံးရင်ဆိုင်နေစဉ်ကာလအတွင်း ခရီးစရိတ်၊ အစားအစာနှင့် ရိက္ခာ၊ ဆေးကုသစရိတ်၊ ဘဝရပ်တည်နိုင်ရေး နောက်ဆက်တွဲကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် လူကုန်ကူးခံရသူများကို လိုအပ်သည့်ပံ့ပိုးကူညီမှုများ၊ ညွှန်းပို့ကူညီမှုများ၊ နောက်ဆက်တွဲစောင့်ရှောက်မှုများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လူသားတို့၏ အရင်းအမြစ်ဖြစ်သည့် ကလေးသူငယ်များကို ပြုစုပျိုးထောင်ခြင်း၊ အသက်အရွယ်နှင့်လျော်ညီစွာ ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားခြင်း၊ ခွဲခြားဆက်ဆံမှုမပြုခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားမှု မရှိစေရေးတို့အတွက် ကာကွယ်စောင့်ရှောက်ပေးခြင်းများသည် အဓိကကျသောကြောင့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ၂၀၂၄ ခုနှစ်၊ (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **“ကလေးသူငယ်ချန်မထားလူကုန်ကူးမှုတိုက်ဖျက်သွား”** ဆိုသည့်အတိုင်း လူကုန်ကူးခံရသူများအထူးသဖြင့် လူကုန်ကူးခံရသူအမျိုးသမီးနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံစိတ်ချမှုရှိစေရေးတို့ကို ဦးစားပေးဆောင်ရွက်ခြင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှု မရှိစေရေးကာကွယ်စောင့်ရှောက်ပေးခြင်းလုပ်ငန်းများကို အဓိကကျသည့်အခန်းကဏ္ဍတစ်ရပ်အဖြစ် တိုးမြှင့်ဆောင်ရွက်သွားကြခြင်းဖြင့် အမျိုးသမီးနှင့်ကလေးသူငယ်များ လူကုန်ကူးခံရမှုအန္တရာယ်မှ တားဆီးကာကွယ်နိုင်မည်ဟု ယုံကြည်မိပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

## မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်၏ ၁၂-၉-၂၀၂၄ မှ ၁၅-၉-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




**❂ အထူးမိုးလေဝသမှ**

ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့ကို ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ အဆိုပါလေပွေလှိုင်း၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ ဆက်လက်အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ယနေ့နံနက်မှ စက်တင်ဘာ ၁၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၂**

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



စေတနာရှင်ပြည်သူများက ရေဘေးသင့်ပြည်သူများအား အဝတ်အထည်များပေးလှူစဉ်။



တပေါင်ကွင်း ယာယီရေဘေးရှောင်စခန်း၌ ခိုလှုံလျက်ရှိသည့် ရေဘေးသင့်ပြည်သူများကို တွေ့ရစဉ်။

○ ရွှေ့ဖုံးမှ

အဆင့်ဆင့်ပြောင်းရွှေ့ နေရာချထားပေးလျက်ရှိသည်။

**ကုသမှုများဆောင်ရွက်ပေး**

သက်ဆိုင်ရာရေဘေးကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိလာကြသည့် ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက သာမန်ထိရှဒဏ်ရာများ၊ နှာစေး၊ ချောင်းဆိုး၊ ဖျားနာရောဂါများကို ကုသပေးလျက်ရှိပြီး သာမန်ထိရှဒဏ်ရာများထက် ပိုမိုထိခိုက်သည့် လူနာများကို ဆေးရုံကြီးများသို့ ပို့ဆောင်၍ ကုသမှုများဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် စေတနာရှင်ပြည်သူများ၊ တပ်မတော် မိသားစုဝင်များ၊ ဝန်ထမ်းများ၊ အသင်းအဖွဲ့များကလည်း ထမင်းဘူး၊ ရေသန့်၊ ခေါက်ဆွဲကြော်ဘူး၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ စောင်၊ ခြင်ထောင်နှင့် အသုံးအဆောင်ပစ္စည်းများကို ဖြန့်ခွဲလှူဒါန်းပေးလျက်ရှိသည်။

ရာဂိမုန်တိုင်း အရှိန်ကြောင့် နေပြည်တော် ကောင်စီနယ်မြေအတွင်း ငလိုက်ချောင်း၊ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်တို့တွင် ရေမြင့်တက်လျက်ရှိသည့်အတွက် ရေလွှမ်းမိုးခြင်း၊ မြစ်ကမ်းပါးနေရာအချို့၌ ကမ်းပါးပြိုကျခြင်း၊ လျှပ်စစ်မီးတိုင်များနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခြင်း၊ လမ်းများ၊ တံတားများ ပြိုကျပျက်စီးခြင်း၊ မြေကျွံခြင်း၊ လူနေအိမ်များပျက်စီးခြင်း စသည်တို့ ဖြစ်ပွားခဲ့သည့်အပြင် ရေကြီးရေလျှံမှု ဖြစ်ပွားသောမြို့ရွာများတွင် လျှပ်စစ်မီးများ ပြတ်တောက်ပြီး အခြေခံပညာစာသင်ကျောင်းများကို လည်း ခေတ္တပိတ်ထားရသည်။

**စီစဉ်ဆောင်ရွက်လျက်ရှိ**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လယ်ဝေးမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရအောင်းချောင်း၊ ပလွေးချောင်းနှင့် ငလိုက်ချောင်းတို့မှ ရေများမြင့်တက်လျက်ရှိသော်လည်း ရပ်ကွက်၊ ကျေးရွာများတွင် ရေဝင်ရောက်မှုမရှိဘဲ ဥတ္တရသီရိမြို့နယ်ရှိ တံခွန်တိုင်ချောင်း၊ တောင်ညိုချောင်း၊ ငလိုက်ချောင်းတို့တွင် ချောင်းဘေးရှိ အချို့သော အိမ်ထောင်စုများတွင် ရေအနည်းငယ် ဝင်ရောက်လျက်ရှိသော်လည်း စိုးရိမ်ရသည့် အခြေအနေမရှိကြောင်း၊ အဆိုပါ ချောင်းဘေး တစ်လျှောက်တွင် နေထိုင်လျက်ရှိသည့် လူနေအိမ်များမှ အိမ်ထောင်စုများကို အရေးပေါ် ရွှေ့ပြောင်းထားရှိနိုင်ရေး ယာယီရေဘေးရှောင်စခန်း ၁၆ ခုကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ကူညီကယ်ဆယ်နေရာချထား**

နေပြည်တော်ကောင်စီနယ်မြေအတွင်း လတ်တလောတွင် ရေဘေးသင့်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၃ စုမှ ရေဘေးသင့်ပြည်သူများကို သက်ဆိုင်ရာမြို့နယ်အလိုက် ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်း ၃၅ ခု၌ ကူညီကယ်ဆယ်နေရာချထားပြီး ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မင်္ဂလာဗျူဟာ ယာယီရေဘေးရှောင်စခန်း၌ ရေဘေးသင့်ပြည်သူများအား ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## တာချီလိတ်မြို့၌ ရေများပြန်လည်ကျဆင်းလျက်ရှိ၊ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေး ဆက်လက်ဆောင်ရွက်ပေး



တာချီလိတ် စက်တင်ဘာ ၁၂

တာချီလိတ်မြို့၌ မိုးအဆက်မပြတ်ရွာသွန်းပြီး မယ်ဆိုင်ချောင်း၊ နမ့်ယွန်းချောင်းနှင့် မယ်ခေါင်ချောင်းတို့တွင် ရေကြီးရေလျှံမှုများကြောင့် စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီခန့်မှစ၍ မြို့ပေါ်ရပ်ကွက်များတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရေများပြန်လည်ကျဆင်းလာလျက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးခြင်းနှင့် ရေကျဆင်းသွားသည့်နေရာများမှ ရွှံ့ညွှန်နှင့် အမှိုက်သရိုက်များကို စတင်ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

ရေကျဆင်းသွားသည့် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၁)နှင့် ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ ရွှံ့ညွှန်နှင့် အမှိုက်သရိုက်များကို မြို့နယ်စည်ပင်သာယာရေးဌာနက စက်ယန္တရားနှင့် လူအင်အားဖြင့်လည်းကောင်း၊ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် ရေကျဆင်းသွားသည့် ရပ်ကွက်များတွင် ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များကလည်းကောင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို နယ်မြေခံတပ်နယ်မှ ယာယီဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး သန့်လှိုင်ဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် တာဝန်ရှိသူတို့က လိုက်လံကြည့်ရှုအားပေးပြီး ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးနှင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေဆဲရပ်ကွက်များမှ ဒေသခံပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သန်းဇော်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ကျောက်ဆည်ခရိုင်အတွင်း မြေနိမ့်ပိုင်းဧရိယာများနှင့် ရပ်ကွက်အချို့တွင် ရေဝင်ရောက်နေမှုများ၊ ရန်-မန်း ကားလမ်းပိုင်းများ ရေကျော်နေမှုများကို ကြည့်ရှုစစ်ဆေး၊ ရေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံအားပေးစကားများ ပြောကြား၍ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေး

**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် သက်ဆိုင်ရာ တာဝန်ရှိသူများလိုက်ပါပြီး မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ကျောက်ဆည်ခရိုင်အတွင်း ရပ်ကွက်အချို့၊ စာသင်ကျောင်းနှင့် ပြည်သူ့ဆေးရုံဝင်းအတွင်း ရေဝင်ရောက်နေမှုများနှင့် ရန်-မန်းကားလမ်း လမ်းပိုင်းရေကျော်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်အိမ်ထောင်စုဝင်များအား သွားရောက်တွေ့ဆုံကာ အားပေးစကားများ ပြောကြား၍ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများကို ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဌာနဆိုင်ရာတာဝန်ရှိသူများက ဇော်ဂျီမြစ်ပေါ်ရှိ မြို့ကြီးရေလှောင်တာမံ၏ ရေပိုလွှဲမှ အမြင့်ဆုံး ရေကျော်ကျမှုနှင့် အောက်ဘက်ရှိ ရေလွှဲဆည်အဆင့်ဆင့်၏ နှစ်အလိုက် အမြင့်ဆုံး ရေမှတ်အခြေအနေများ၊ မိုးရေချိန်လက်မ၊ ရေလှောင်တာမံ ရေသိုလှောင်ထိန်းသိမ်းထားမှု၊ ကျောက်ဆည်ခရိုင်အတွင်း ဇော်ဂျီမြစ်ရေ၊ ပန်းလောင်မြစ်ရေ၊ စမုံမြစ်ရေများ ရေကြီးရေလျှံမှုများကြောင့် မြစ်ချောင်းများတစ်လျှောက်ရှိ မြေနိမ့်ပိုင်းဧရိယာများနှင့် ကျေးရွာများ အနီးဝန်းကျင်ရှိ ရပ်ကွက်များ အတွင်း ရေဝင်ရောက်ခဲ့မှုနှင့် ဝင်ရောက်ခဲ့မှု၊ အခြေခံပညာကျောင်းများ ပိတ်ထားမှုအခြေအနေများ၊ ပြည်သူများအား ရေလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးထားမှု၊ ရန်-မန်းကားလမ်းပေါ်ရေကျော်နေမှု အခြေအနေများ ရှင်းလင်းတင်ပြရာ အစိုးရအဖွဲ့ဝင်ကြီးများက ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ကြက်မင်းတွန်ရပ်ကွက်ရှိ စိတ္တသုခဓမ္မာရုံတွင် ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံပြီး အားပေးစကားများပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်၍ ကျန်းမာရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ ဆက်လက်၍ ကျောက်ဆည်ပြည်သူ့ဆေးရုံဝင်းအတွင်း ရေဝင်ရောက်နေမှုများ၊ ဆေးရုံသုံးပစ္စည်းများ ရွှေ့ပြောင်းထားမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီးနောက် ဆေးရုံတွင် တက်ရောက်ဆေးဝါးကုသနေသည့် လူနာများ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ဆေးရုံအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ကျောက်ဆည်မြို့ရှိအမှတ်(၇)အခြေခံပညာမူလတန်း(မူလွန်)ကျောင်းအတွင်း ရေဝင်ရောက်နေမှုများနှင့် ကျောင်းအား ယာယီပိတ်ထားမှု အခြေအနေများကိုလည်းကောင်း၊ ကျောက်ဆည်-ဟန်မြင့်မိုရ်-ရှာင်းလမ်းပိုင်းရှိ သံရွာနှင့် တောင်တော်ရွာကြား ကားလမ်းရေတိုက်စားမှုကြောင့် ပျက်စီးသွားမှု အခြေအနေများနှင့် လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း၊ မြစ်သားမြို့နယ်အခြေခံပညာအထက်တန်းကျောင်းအတွင်း ရေဝင်ရောက်နေမှုနှင့် ယာယီကျောင်းပိတ်ထားမှု အခြေအနေများကိုလည်းကောင်း၊ မြစ်သားမြို့ မြင်းခြံ-ရေဝန်းလမ်းပိုင်းရေကျော်နေမှု၊ အနီးဝန်းကျင်ရှိ ရပ်ကွက်များ အတွင်း ရေဝင်ရောက်နေမှုများ၊ ရပ်ကွက်နေပြည်သူများအား ရေလွတ်နေရာများသို့ ရွှေ့ပြောင်းဆောင်ရွက်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ရွှေဘုံသာကျောင်းတိုက်ရှိ နှင်းမေတ္တာဓမ္မာရုံတွင် ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

၎င်းနောက် ကူမဲမြို့နယ်ခွဲနှင့် လမ်းခွရွာရှိ ရန်-မန်းကားလမ်း လမ်းပိုင်းတွင် ရေကျော်နေမှု အခြေအနေများကိုလည်းကောင်း၊ သာလွန်ကျေးရွာနှင့် အနီးဝန်းကျင် ရေဝင်ရောက်နေမှု အခြေအနေများနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသည့်နေရာများသို့ ဒေသအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရွှေ့ပြောင်းရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ တက်တက်ကြွကြွကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် မြစ်ချောင်းများအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်သဖြင့် မြစ်ချောင်းများတစ်လျှောက်ရှိ မြေနိမ့်ပိုင်းဧရိယာများနှင့် ကျေးရွာများတွင် နေထိုင်ကြသော ဒေသခံပြည်သူများအား ရေဘေးအန္တရာယ်သတိပြုမှုနေထိုင်နိုင်ရေး အသိပေးနှိုးဆော်တိုက်တွန်းထားကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**









သတင်း-စာမျက်နှာ ၆























# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## သမ္မတရွေးကောက်ပွဲအတွက် စကားစစ်ထိုးရာတွင် အနိုင်၊ အရှုံးကို လိုရာဆွဲပြီး ကောက်ချက်ချနေကြ

**ဝါရှင်တန် စက်တင်ဘာ ၁၂**

၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် စက်တင်ဘာ ၁၀ရက် ညပိုင်းက ပြုလုပ်သော စကားစစ်ထိုးပွဲတွင် ဒေါ်နယ်လ်ထရမ့်နှင့် ကာမာလာဟဲရစ် မည်သူနိုင်ပြီး မည်သူရှုံးသည်ဟု အမေရိကန်အခြေစိုက် သတင်းမီဒီယာများက လိုရာဆွဲပြီး ကောက်ချက်ချနေကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ယင်းစကားစစ်ထိုးမှု အစီအစဉ်၌ ဒီမိုကရက်တစ် သမ္မတလောင်း ကာမာလာဟဲရစ် အနိုင်ရကာ ရီပတ်ဘလီကန် သမ္မတလောင်း ဒေါ်နယ်လ်ထရမ့် ရှုံးနိမ့်ခဲ့သည်ဟု မီဒီယာအများစုက ဖော်ပြခဲ့သည်။

ကာမာလာဟဲရစ်က ဒေါ်နယ်လ်ထရမ့်၏ စိတ်ကို ဆွပေးပြီး ပြောဆိုရာမှ အချက်အလက်အမှား၊ စကားအမှားများ ထရမ့်ဘက်မှ ထုတ်ဖော်ပြောဆိုခဲ့သည်။

သို့ရာတွင် ထရမ့်အနေဖြင့် မိမိ၏ မူဝါဒများကို ထုတ်ဖော်ပြောသွားနိုင်ခဲ့ရာ ၎င်းအနိုင်ရသည့်ပွဲဟု ဆိုသင့်ကြောင်း ရီပတ်ဘလီကန် အားပေးထောက်ခံသူများက မှတ်ချက်ချသည်။




အဆိုပါ စကားစစ်ထိုးပွဲသည် အထက်တန်းကျောင်း စကားရည်လုပွဲမျိုး မဟုတ်သဖြင့် အနိုင်၊ အရှုံး သတ်မှတ်စရာအကြောင်းမရှိဟု ပညာရှင်ပိုင်းက ဝေဖန်ထောက်ပြခဲ့ကြောင်း သိရသည်။

Mon



အာရှ-ပစိဖိတ်ခရီးစဉ်၏ နောက်ဆုံးဌာနဖြစ်သော စင်ကာပူနိုင်ငံသို့ စက်တင်ဘာ ၁၁ရက်က ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ရောက်ရှိလာရာ စောင့်ကြိုနှုတ်ဆက်နေကြသူများကို တွေ့ရစဉ်။

Mon

## အမေရိကန်နှင့် ရုရှားအာကာသယာဉ်မှူးများ အပြည်ပြည်ဆိုင်ရာ အာကာသစခန်းသို့ သွားရောက်

**ဝါရှင်တန် စက်တင်ဘာ ၁၂**

အမေရိကန်နှင့် ရုရှားအာကာသယာဉ်မှူးများ စက်တင်ဘာ ၁၁ ရက်က ဆိုယုဇ်အမ်အက်စ် ၂၆ အာကာသယာဉ်ကို စီးနင်းကာ အပြည်ပြည်ဆိုင်ရာ အာကာသစခန်းသို့ သွားရောက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကာဇက်စတန်နိုင်ငံရှိ ဘိုင်ကိုနား အာကာသစခန်းမှ လွှတ်တင်ခဲ့သော ယင်းအာကာသယာဉ်ပေါ်တွင် အမေရိကန်အာကာသယာဉ်မှူး ဒွန်ပက်တစ်၊ ရုရှားအာကာသယာဉ်မှူးများဖြစ်သော အလက်ဇေးအော့ချီနင်နှင့် အိုင်ဗန်ဗက်ဂန်နာတို့နှစ်ဦး စုစုပေါင်းသုံးဦး စီးနင်းလိုက်ပါသွားခဲ့ကြသည်။

ယင်းဆိုယုဇ် အမ်အက်စ် ၂၆ အာကာသယာဉ်သည် အပြည်ပြည်ဆိုင်ရာ အာကာသစခန်းရှိ ရုရှားပိုင်ဆိုင်သော တစ်ဖက်ခြမ်းသို့ ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

Mon





## အိမ်မှအပြင်ထွက်ပြီး ပျောက်နေသော ပင်ဂွင်းလေးကို နှစ်ပတ်ကြာပြီးနောက် ဘေးကင်းစွာ ပြန်လည်တွေ့ရှိ

**တိုကျို စက်တင်ဘာ ၁၂**

ဂျပန်နိုင်ငံ အိုက်ချိဒေသ တောကောနမဲ့မြို့နေ ရယောဆုကေအိမိုက်ဆိုသူ မွေးမြူထားသော အသက် ၆နှစ်အရွယ် ပင်ဂွင်းမလေး ပင်ချန် ဩဂုတ် ၂၅ရက်က အိုက်ချိဒေသအလယ်ပိုင်းတွင် ရုတ်တရက်ပျောက်ဆုံးသွားခဲ့သည်။

သခင်နှင့်အတူ အိမ်မှ အပြင်သို့ ထွက်လာပြီးနောက် ထိုသို့ ပျောက်ဆုံးသွားသဖြင့် သက်ဆိုင်ရာ ရဲတပ်ဖွဲ့နှင့်ဆက်သွယ်ကာ ပင်ဂွင်းပျောက် တိုင်ချက်ဖွင့်ပြီး ၎င်းကို နေရာအနှံ့တွင် လိုက်လံရှာဖွေသော်လည်း မတွေ့ရသဖြင့် သခင်ဖြစ်သူ ရယောဆုကေအိမိုက် စိတ်ပူနေခဲ့ရသည်။

စက်တင်ဘာ ၈ရက်တွင် ပင်ချန်ကို အိမ်မှ ၄၅ကီလိုမီတာကွာဝေးသော ပင်လယ်ကမ်းခြေတစ်နေရာ၌ တွေ့ရှိကြောင်း လူတစ်ယောက် ဖုန်းဆက်လာခဲ့သည်။

၎င်းရှိရာသို့ ရယောဆုကေအိမိုက် ချက်ချင်းသွားရောက်ပြီး ပြန်ခေါ်ခဲ့ရာ ဘေးမသီရန်မခဘဲ အိမ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပင်ဂွင်းမလေး ပင်ချန်ကို ပင်လယ်ကမ်းခြေ၌ တွေ့သည့်အချိန်တွင် မြူးတူးပျော်ရွှင်စွာ ရေကစားနေခဲ့ကြောင်း သိရသည်။

Mon

## ဝင်စတန်ချာချီ၏ ဟိန်းသောခြင်္သေ့ဓာတ်ပုံအစစ်ကို အီတလီနိုင်ငံ ဂျီနိုအာမြို့တွင် ပြန်လည်တွေ့ရှိ

**ရောမ စက်တင်ဘာ ၁၂**

ဗြိတိသျှဝန်ကြီးချုပ် ဝင်စတန်ချာချီ၏ ဟိန်းသောခြင်္သေ့ဓာတ်ပုံအစစ်ကို အီတလီနိုင်ငံ ဂျီနိုအာမြို့တွင် ပြန်လည်တွေ့ရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုဓာတ်ပုံကို ၁၉၄၁ခုနှစ်က ကနေဒါပါလီမန်တွင် ၎င်း ရဲရဲတောက်မိန့်ခွန်းပြောကြားစဉ်က သတင်းထောက် ယူဆွတ်ကာ့ရှ်အမိအရရိုက်ကူးခဲ့ခြင်းဖြစ်သည်။

ကနေဒါနိုင်ငံ အော့တဝါမြို့ ရှတူးလော်ရီယာဟိုတယ်ရှိ ဟိန်းသောခြင်္သေ့ဟု ခေါ်တွင်သည့် ထိုဓာတ်ပုံအစစ် ၂၀၂၂ခုနှစ်က ပျောက်ဆုံးသွားသဖြင့် လိုက်လံရှာဖွေရာမှ ထိုသို့ ပြန်တွေ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon



## ပီရူးနိုင်ငံ၏ သမ္မတဟောင်း အယ်လ်ဘာတိုဖူဂျီမိုရီ ၈၆နှစ်အရွယ်တွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်

**လီမာ စက်တင်ဘာ ၁၂**

ပီရူးနိုင်ငံ၏ သမ္မတဟောင်း အယ်လ်ဘာတိုဖူဂျီမိုရီ စက်တင်ဘာ ၁၁ရက်က ၈၆နှစ်အရွယ်တွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၎င်း လျှာကင်ဆာရောဂါ ခံစားနေရကြောင်း စစ်ဆေးတွေ့ရှိပြီးနောက် သတ်မှတ်ထားသော ကုထုံးဖြင့် ကုသပေးနေစဉ် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်ဟု ဆရာဝန် ဟိုဆေးကားလို့စ်ဂူတီယာရက်ဇ်က အတည်ပြုပြောကြားသည်။

တစ်ပြိုင်နက်တည်းတွင် ၎င်း၏ ကျန်ရစ်သူ သားသမီးလေးဦးကလည်း ဖခင်ကွယ်လွန်သွားပြီဖြစ်သည်ဟု အင်တာနက်လူမှုကွန်ရက်စာမျက်နှာတွင် ပူးတွဲကြေညာခဲ့သည်။

ပီရူးနိုင်ငံသို့ ရွှေ့ပြောင်းလာသော ဂျပန်မိဘများမှ မွေးဖွားခဲ့သည့် အယ်လ်ဘာတိုဖူဂျီမိုရီသည် ၁၉၉၀ပြည့်နှစ်မှ ၂၀၀၀ပြည့်နှစ်အထိ သမ္မတတာဝန် ထမ်းဆောင်ခဲ့သည်။

ကွန်မြူနစ်သူပုန်များကို ၎င်းဦးဆောင်ပြီး ရှင်းလင်းတိုက်ခိုက်ခဲ့စဉ်က ပီရူးနိုင်ငံတစ်ဝန်း၌ လူပေါင်း ၆၉၀၀၀ဦး သေဆုံးခဲ့ကြောင်း သိရသည်။

Mon

## ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းရှိ ကန်လွန်မီးတောင်ကြီး ဓာတ်ငွေ့များမှုတ်ထုတ်နေသဖြင့် လူများစွာ တိမ်းရှောင်

**မနီလာ စက်တင်ဘာ ၁၂**

စက်တင်ဘာ ၁၁ရက်က ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းရှိ ကန်လွန်မီးတောင်ကြီးမှ ဓာတ်ငွေ့များ မှုတ်ထုတ်နေသဖြင့် ဘေးပတ်ဝန်းကျင်ရှိ လူများစွာ ဝေးရာသို့ တိမ်းရှောင်ရန် ကယ်ဆယ်ရေးအဖွဲ့ဝင်များက ကူညီပေးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုမီးတောင်ကြီး ပေါက်ကွဲတော့မည့်လက္ခဏာဖြစ်သည်ဟု ဒေသခံမီးတောင်ပညာရှင်များက မှတ်ချက်ချပြီးနောက် ၄ကီလိုမီတာပတ်လည်အတွင်း နေထိုင်သော ဒေသခံ ၃၀၀ဦးခန့်တို့ကို ယာယီခိုလှုံရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း အစိုးရကယ်ဆယ်ရေးအဖွဲ့က အတည်ပြုသည်။



မီးတောင်မှ ထုတ်လွှတ်သော ဓာတ်ငွေ့များမှာ ဆာလ်ဖာဒိုင်အောက်ဆိုဒ်ဖြစ်ပြီး ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း ကန်လွန်မြို့မှ ပြန်ကြားရေးအရာရှိတစ်ဦးက ရှင်းပြသည်။

အဆိုပါမီးတောင်ကြီးသည် ဖိလစ်ပိုင်နိုင်ငံရှိ မီးတောင်ရှင် ၂၄ လုံးအနက်မှ တစ်လုံးဖြစ်ပြီး လွန်ခဲ့သော ၉နှစ်အတွင်း ၁၅ကြိမ် ပေါက်ကွဲခဲ့ဖူးကြောင်း သိရသည်။

Mon



## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးဆောင်ရွက်



**ရေနံချောင်း စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်တွင် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို စက်တင်ဘာ ၉ရက် နံနက် ၇ နာရီက ရေနံချောင်း မြို့မဈေးကြီး၌ ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သည်။

(ဝဲပုံ)

ထို့သို့ လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ဝန်ထမ်းများက မြို့မဈေးရှိ ဈေးရောင်းဈေးဝယ်သူအနေဖြင့် စားသုံးကုန်များ ရောင်းချရာဝယ်ယူရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်စေနိုင်သည့် ပလတ်စတစ်သုံးစွဲမှုကို လျှော့ချပြီး ပလတ်စတစ်အစားစက္ကူ၊ငှက်ပျောဖက်၊ အင်ဖက်များကို အစားထိုးသုံးစွဲကြစေရန် အသိပညာပေးပြောကြားကာ ဈေးရောင်းဈေးဝယ်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။ (၄၇၂)



## မန္တလေးတူးမြောင်းမကြီး လမ်းပေါင်တွင် သစ်ပင်လဲကျ ရှင်းလင်းဖယ်ရှားပေး

**ပုသိမ်ကြီး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ လိန်ပင်ကျေးရွာအနီးစခန်း၊ မန္တလေးတူးမြောင်းပေါင်တွင် စက်တင်ဘာ ၁၀ရက် မွန်းလွဲ၂နာရီခန့်က မိုးရွာသွန်းပြီး လေတိုက်မှုကြောင့် လုံးပတ် ၆ပေ၊ အမြင့် ၃၅ပေခန့်ရှိ သက်တမ်းရင့်သစ်ပင်လဲကျ၍ လမ်းပေါ်တွင် သစ်ကိုင်းများ ပိတ်နေကြောင်း သတင်းရရှိသဖြင့် ပုသိမ်ကြီးမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ် တစ်စီး၊ ရှာဖွေကယ်ဆယ်ရေး သန္နမီးသတ်တပ်ဖွဲ့ဝင်များ၊ ပုသိမ်ကြီးမြို့နယ် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများမှ သွားရောက်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ သစ်ပင်လဲကျမှုကြောင့် လူထိခိုက်မှု မရှိကြောင်းသိရသည်။ (အပေါ်ပုံ)

(ဝ၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၉ ရက် ည ၆နာရီ ၁၅မိနစ်က သက်သေများနှင့်အတူ လှိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ရပ်ကွက်(၃)၊ မိုးညိုလမ်းသွယ်နေ သီတာအောင်ဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၄င်းနှင့်အတူ ခွန်ချစ်ထွန်းဆိုသူအားတွေ့ရှိပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀၊ TOYOTA SUCCEED အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သီတာအောင်(၃၂)နှစ်နှင့် ခွန်ချစ်ထွန်းဆိုသူ(၃၄)တို့အား ပင်လုံနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင် သစ်နှင့်ယာဉ်၊ ယန္တရားများသိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS)အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂ရက်မှ ၈ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းအရ တရားမဝင် ကျွန်း ၁၇ ဒသမ ၁၅၇၄တန်၊ သစ်မာ ၁၆ ဒသမ ၄၄၁၆တန်၊ အခြား ၁၀ ဒသမ ၃၅၄၄တန်၊ စုစုပေါင်း ၄၃ ဒသမ ၉၅၃၄တန်၊ ယာဉ်/ယန္တရား၁၃စီး၊ တရားခံ ၁၄ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

ဝ-ဝ-ဝ-ဝ-ဝ





## ဇော်ဂျီမြစ်ရေ မြင့်တက်မှုကြောင့် ကျောက်ဆည်မြို့ အနိမ့်ပိုင်းရပ်ကွက်တွင် ရေဝင်ရောက်

**ကျောက်ဆည် စက်တင်ဘာ ၁၂**

ရာဂိမုန်တိုင်းအရှိန်ကြောင့် ဇော်ဂျီမြစ် အထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုများပြားလျက်ရှိပြီး စက်တင်ဘာ ၁၀ရက် ညနေ ၄နာရီခန့်တွင် ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်၊ ဆူးကုန်းရပ်ကွက်၊ ဘောဂဝတီရပ်ကွက်တို့တွင်လည်းကောင်း၊ ဇော်ဂျီမြစ်အနီးရှိ ခတက်ကုန်း၊ ပဲခင်း၊ ကျားကာ၊ ဆူးလေကုန်း၊ ပေါက်ပင်ကွေ့၊ လယ်ကြီး၊ သင်္ဂတုံ၊ ပတ္တာကျေးရွာ မြေနိမ့်ပိုင်းတို့တွင်ရေများ ဝင်ရောက်လျက်ရှိသည်။

ရေများဝင်ရောက်မှု များပြားပါက ရပ်ကွက်ကျေးရွာအုပ်စုအလိုက် ရေဘေးရှောင် စခန်းများစီစဉ်ထားရှိပြီး သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များကလည်း အသိပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ သက်ဆိုင်ရာဌာနများမှ ရေဝင်ရောက်မှုများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)(ဝ၄၅)

## တဲကုန်းကျေးရွာ၌ မီးလောင်မှု ဖြစ်ပွား

**ပုသိမ်ကြီး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာအုပ်စု၊ တဲကုန်းကျေးရွာရှိ ဦး----ပိုင်ဆိုင်သည့် သွပ်မိုး၊ ထရံကာ၊ မြေစိုက် လေးခန်းတွဲ လူနေအိမ်၌ အိမ်ငှား နေထိုင်သူသည် ဓာတ်ဆီဂါလန်ပုံးမှ ရေသန့်ဘူးအတွင်းသို့ ဖယောင်းတိုင်မီးထွန်း၍ ဓာတ်ဆီဖလှယ်ရာမှ ဆီငွေ့နှင့်ဖယောင်းတိုင်မီး ထိတွေ့ပြီး မီးကူးစက်လောင်မှု စက်တင်ဘာ ၁၀ရက် ည ၇နာရီ ၁၁မိနစ်ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုကြောင့် ၁၄ပေ ၃၅ပေ၊ သွပ်မိုး၊ ထရံကာ၊ မြေစိုက်အိမ် လေးခန်းတွဲ လူနေအိမ်တစ်လုံး၊ (၁၅ပေ×၃၀ပေ)သွပ်မိုး၊ ကျောက်ပြားကာ၊ မြေစိုက်တစ်ထပ်၊ နှစ်ခန်းတွဲမှ (၁၅ ပေ၊ ၁၀ပေ) တစ်ခန်းနှင့် ဆိုင်ကယ်နှစ်စီး ဆုံးရှုံးခဲ့သည်။

မီးလောင်မှုအား ည ၇နာရီ ၁၃မိနစ်တွင် ဖုန်းသတင်းရရှိ၍ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် ၈စီး၊ ရေသယ်ယာဉ် ၅စီး၊ အုပ်ချုပ်မှုယာဉ် ၂စီး၊ သန္နတပ်ဖွဲ့ဝင် ၃၀ ဦး၊ အရန်တပ်ဖွဲ့ဝင် ၄၀ဦးတို့ သွားရောက် ငြိမ်းသတ်ခဲ့ရာ ငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့်ဖြစ်စဉ်နှင့်ပတ်သက်၍ ပုသိမ်ကြီး မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ (ယာပုံ)

(ဝ၉၅)



ဥပဒေဘောင်တွင်း
နေထိုင်ခြင်း
ဘေးကင်း ရန်ကွာ လွန်ချမ်းသာ ။

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ နေအိမ်အတွင်း ဝင်ရောက်ကာ ဓားပြတိုက်လုယက်မှုကျူးလွန်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်တိုအတွင်း သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်၊ ၆၁(A)လမ်း၊ ၁၁၅ လမ်းနှင့် ၁၁၆ လမ်းကြားနေ ဦးရဲလင်းရွှေ (၄၇)နှစ်သည် ၎င်း၏နေအိမ်၌ မိသားစုနှင့်အတူ ရှိနေစဉ် စက်တင်ဘာ ၁၁ ရက် ည ၇ နာရီ ၄၅ မိနစ်တွင် YGN-22/7D-4547 Alphard အမျိုးအစားယာဉ်ဖြင့် အမျိုးသားခုနစ်ဦး (စိစစ်ဆဲ) ရောက်ရှိလာပြီး ၎င်းတို့အနက်မှ အမျိုးသားလေးဦးက ဓား၊ သေနတ်များကိုင်ဆောင်၍ နေအိမ်အတွင်း ဝင်ရောက်လာကာ ဦးရဲလင်းရွှေ၏ သမီးဖြစ်သူ မထက်နေရည်မောင် (၄)နှစ်အား ရိုက်နှက်၍ နေအိမ်ရှိ စူပါကပ်ဆိုင်ကယ်တစ်စီးနှင့် ထီး တစ်လက်တို့ကို ဖျက်ဆီးပြီး ဦးရဲလင်းရွှေ ပိုင်ဆိုင်သည့် MDY-14/6J-9817 SUZUKI အမျိုးအစားခဲရောင်ယာဉ်တစ်စီး၊ IPhone 10 XR လက်ကိုင်ဖုန်းတစ်လုံးတို့အား ဓားပြတိုက်လုယက်ယူဆောင်ထွက်ပြေးသွားကြောင်း သတင်းအရ ပြည်ကြီးတံခွန်မြို့မရဲစခန်း(ပ)၂၂၈/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၅/၃၂၃/၄၂၇ ဖြင့် အမှုရေးဖွင့်၍ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့ဖြင့် အခင်းဖြစ်ရပ်မှတ်တမ်းအထောက်အထားများရယူ၍ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ လုံခြုံရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများမှ သတင်းအချက်အလက်များရယူစုံစမ်းဖော်ထုတ်ခဲ့ရာ ည ၁၀ နာရီ ၄၅ မိနစ်တွင် ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျိုကုန်းရပ်ကွက် ၆၈(D)လမ်းနှင့် မင်္ဂလာလမ်းထောင့်၌ ပြစ်မှုကျူးလွန်သူ တရားခံများဖြစ်ကြသည့် ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်နေ ဖွဲထက်(ခ) ဇောင်းထက်(၂၆)နှစ်(ဘ)ဦးရဲဝင်း၊ တစ်ရပ်ကွက်တည်းနေ ချမ်းငြိမ်းသူ(၂၅)နှစ် (ဘ)ဦးမြင့်သန်း၊ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ ဟိန်းသန့်(၁၉)နှစ် (ဘ)ဦးကျော်မင်းထွန်း၊ တစ်ရပ်ကွက်တည်းနေ ဇင်မင်းခန့်(ခ) တရုတ်ကြီး(၁၉)နှစ် (ဘ) ဦးမိုးခိုင်၊ အောင်မြင့်မြတ်(ခ)ဆုပင်(၁၈)နှစ် (ဘ) ဦးအောင်ကျော်ကျော်မျိုး၊ အောင်မြင့်မြတ်(ခ) အောင်ဆန်းဦး(၁၉)နှစ် (ဘ)ဦးဝေလင်းအောင်၊ အောင်မြေသာစံမြို့နယ် အိုးဘိုရပ်ကွက်နေ စိုင်းခွန်ကျော်ဇော(ခ)ခွန်ကျော်(၃၀)နှစ်(ဘ)ဦးမောင်မောင်ဆွေတို့ ခုနစ်ဦးအား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အရှိး/အသွား ၂၄ လက်မခန့်ရှိ ဓားရှည်



မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ နေအိမ်အတွင်း ဝင်ရောက်ကာ ဓားပြတိုက်လုယက်မှု ကျူးလွန်သူများအား သက်သေခံပစ္စည်းများနှင့် ဖော်ထုတ်ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

တစ်ချောင်း၊ အရိုး/ အသွား ၃၄ လက်မခန့်ရှိ ဓားရှည်တစ်ချောင်း၊ အရှည်ခြောက်လက်မခန့်ရှိ ရဲတင်းတစ်လက်၊ ပလတ်စတစ်ဖြင့် ပြုလုပ်ထားသည့် ကော်သေနတ်အနက်ရောင်တစ်လက်၊ YGN-22/7D-4547 Alphard အမျိုးအစား အနက်ရောင်ယာဉ်၊ MDY-14/6J-9817 SUZUKI အမျိုးအစားယာဉ်နှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် နေအိမ်အတွင်း ဝင်ရောက်ကာ ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သူ ဖွဲထက်(ခ) ဇောင်းထက်ပါ တရားခံ ခုနစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒုစရိုက်မှုကိုမလိုလားသည့် တာဝန်သိ ပြည်သူများနှင့် ပူးပေါင်းကာ အခင်းဖြစ်ပွားပြီးချိန်မှ အချိန်တိုအတွင်း သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရမိတရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဒီပဲယင်းမြို့ ကံပြားရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် နေအိမ် ၂၅ လုံး ပျက်စီးခဲ့သည်ဟု သတင်းအမှားများ ဖြန့်ဝေရေးသားလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့အနီးရှိ ကံပြားရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခြင်းကြောင့် နေအိမ် ၂၅ လုံး မီးလောင် ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို




တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်းမရှိသည့် ဒေသခံပြည်သူများက ကံပြားရွာအနီးတွင် PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိစုဖွဲ့နေကြောင်း သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ကစဉ့်ကလျားဖြင့် ထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ ဆုတ်ခွာထွက်ပြေးစဉ် ကျေးရွာအတွင်းရှိ လူနေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယခုဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို အချိန်မီတားဆီး ဆောင်ရွက်နိုင်ခဲ့သည်ကို မလိုလားသည့် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## ဘိုကလေးမြို့နယ်တွင် လူငယ် ၄၀ ကျော် အဓမ္မစစ်သားစုဆောင်းခံရသည်ဟု မဟုတ်မမှန်လုပ်ကြံ ရေးသားဖြန့်ဝေနေ

နေပြည်တော် စက်တင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီးဘိုကလေးမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဆောင်ရန်အတွက် လူငယ် ၄၀ ကျော် အဓမ္မစုဆောင်းခံရသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက အများပြည်သူ အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားလှုံ့ဆော် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

### နေ့စဉ်ထုတ်သတင်းစာများတွင် ထုတ်ပြန်ထား

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဘိုကလေးမြို့နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှု




မရှိကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့် ပတ်သက်ပြီး တရားမဝင် ပြည်ဖျက်မီဒီယာများတွင် လူငယ်များကို အဓမ္မဖမ်းဆီးခြင်း၊ လမ်းသွားလမ်းလာများကို ပေါ်တာဆွဲခြင်း စသည့် သတင်းတု၊ သတင်းအမှားများကို ပြည်သူလူထု ကြောက်ရွံ့ထိတ်လန့်စေရန် လုပ်ကြံ ရေးသားလျက်ရှိသည့်အတွက် နိုင်ငံတော်ပိုင် သတင်းမီဒီယာများမှတစ်ဆင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် တာဝန်ရှိသူများမှလည်း ဆွေးနွေးဟောပြောမှုများလုပ်ဆောင်လျက်ရှိရာ ပြည်သူများအနေဖြင့် သိရှိလိုသည်များ မေးမြန်းစုံစမ်းနိုင်ရန်အတွက်လည်း မြို့နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များထံသို့ ဆက်သွယ်မေးမြန်းနိုင်ရန်အတွက် ဖုန်းနံပါတ်များကိုလည်း နေ့စဉ်ထုတ် သတင်းစာများတွင် ထုတ်ပြန်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### အသိပေးသတင်းထုတ်ပြန်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### တရားဥပဒေနှင့်အညီဆောင်ရွက်

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "တစ်ရာတန်ကောင်လေး" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ရေးမြို့နယ် မြို့ဟောင်းကုန်းကျေးရွာနေ မိုးစည်(ခ)ငန်းမအား ညနေ ၄ နာရီတွင် ရေးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

### ဆက်လက်ဖော်ထုတ်အရေးယူ

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## ထရစ်ပီယာ နယူးကာဆယ်အသင်းတွင် ဆက်ရှိသွားမည်



**လန်ဒန် စက်တင်ဘာ ၁၂**

နောက်ခံကစားသမား ထရစ်ပီယာအသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း နယူးကာဆယ်အသင်းက အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် တူရကီကလပ်အသင်းများဖြစ်သည့် ဖီနာဘာချီ၊ ဘီဆပ်စ်တပ်၊ အီရက်စပေါ် စသည့် ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်သည်။

နောက်ခံကစားသမား ထရစ်ပီယာသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲပေါင်း ၉၄ပွဲ ကစားပြီး ၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

နယူးကာဆယ်အသင်း ထုတ်ပြန်ချက်တွင် "ထရစ်ပီယာ အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။ **(ဝဲပုံ)(NGB)**

## လူနင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် သဘောတူညီမှု ရရှိ



**မက်ဒရစ် စက်တင်ဘာ ၁၂**

ဂိုးသမား လူနင်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် သဘော တူညီမှုရရှိခဲ့သည်။

အဆိုပါ ဂိုးသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အတူ၂၀၂၀-၂၀၂၁ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၈ပွဲ ကစားပြီး လက်စွမ်းပြ ထားသလို၊ အောင်မြင်မှုဆုဖလားများကိုလည်း သိမ်းပိုက် နိုင်ခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဂိုးသမား လူနင်ကို လက်ရှိအချိန်တွင် ဥရောပကလပ် အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်း ထုတ်ပြန်ချက်တွင် "ဂိုးသမား လူနင်အား စာချုပ်သက်တမ်းတိုးဖို့ သဘောတူညီမှု ရရှိခဲ့ပါပြီ။ စာချုပ်ကိစ္စအလုံးစုံလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။ **(NGB)**

## ဘောလုံးသတင်းအတိုအထွာများ

* ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် မန်ချက်စတာယူနိုက်တက်၊ လီဗာပူး၊ ချဲလ်ဆီး၊ စပါးအသင်းတို့သည် လေဗာကူဆင်အသင်း နောက်ခံကစားသမား ဂျိုနသန်တက်အား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ဇ် ၂၀၂၃ခုနှစ်အတွင်းက သတ်မှတ်မြန်နှုန်းထက် ပိုမိုမောင်းနှင်ခဲ့သလို၊ မီးနီဖြတ်ခဲ့ခြင်းကြောင့် တရားရုံးတွင် ကြားနာမှုခံယူခဲ့ရာ ပြစ်မှု ထင်ရှားသဖြင့် ယာဉ်မောင်းခွင့် ၆လ အပိတ်ခံခဲ့ရသလို၊ ဒဏ်ကြေး စတာလင်ပေါင် ၃၀၂၀အား ချမှတ်ခံခဲ့ရသည်။

**(NGB)**

## ဂါဗီ ဒဏ်ရာမှ သက်သာလာသောကြောင့် ဘာစီလိုနာအသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိ

**ဘာစီလိုနာ စက်တင်ဘာ ၁၂**

ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ဂါဗီ ဒဏ်ရာမှ ပြန်လည်သက်သာလာသောကြောင့် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိပြီဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် ၂၀၂၃ နိုဝင်ဘာ ၂၀ ရက်ကတည်းက ပြင်းထန်သော အရွတ်ဒဏ်ရာရရှိမှုကြောင့် အနားယူနေရပြီး လက်ရှိအချိန်မှ ပြန်လည်သက်သာလာကာ အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းနိုင်ပြီဖြစ်သည်။

ကွင်းလယ်ကစားသမား ဂါဗီ ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကြောင့် ဘာစီလိုနာအသင်းအတွက် အားတက်စရာဖြစ်လာခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဂါဗီသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၁ပွဲ ကစားကာ ၇ဂိုးထိ သွင်းယူထားသည်။**(ယာပုံ)(NGB)**



## မက်ခီလီ ထရီပိုလစ်အသင်း၏ လက်ထောက်နည်းပြအဖြစ် ခန့်အပ်ခြင်းခံရ

**လန်ဒန် စက်တင်ဘာ ၁၂**

ဂရိကလပ် ထရီပိုလစ်အသင်းသည် အသင်းလက်ထောက်နည်းပြအဖြစ် မက်ခီလီအား ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။



အသက်(၅၁)နှစ်အရွယ်ရှိ မက်ခီလီသည် ဘက်စတီယာ၊ ဘယ်လ်ဂျီယံကလပ် အုပန်စသည့် ကလပ်အသင်းများကို ကိုင်တွယ်ဖူးပြီး အတွေ့အကြုံရှိသူတစ်ဦး ဖြစ်ခြင်းကြောင့် ထရီပိုလစ်အသင်းက လက်ထောက်နည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

ထရီပိုလစ်အသင်း ထုတ်ပြန်ချက်တွင် "မက်ခီလီအား လက်ထောက်နည်းပြအဖြစ် ခန့်အပ်လိုက်ပါပြီ။ သူ့အနေနဲ့လည်း နည်းပြ မီလန်နှင့် ပူးပေါင်းပြီး အသင်းကို များစွာတိုးတက်အောင် ပံ့ပိုးကူညီပေးနိုင်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်"ဟု ထုတ်ပြန်သည်။

**(ဝဲပုံ)**

**(NGB)**

## 2024 China Open တင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၂၅ ရက်တွင် စတင်မည်

**ပေကျင်း စက်တင်ဘာ ၁၂**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော နာမည်ကျော် တင်းနစ်ပြိုင်ပွဲဖြစ်သည်။ အမျိုးသား၊ အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 China Open တင်းနစ်ပြိုင်ပွဲ လာမည့် စက်တင်ဘာ ၂၅ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2024 China Open တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၂၅ရက်မှ အောက်တိုဘာ ၇ရက်အထိ ၁၄ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2024 China Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။ **(အောက်ပုံ)**

China Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အီတလီ တင်းနစ်ကစားသမား Jannik Sinner နှင့် ပိုလန်တင်းနစ်မယ် Iga Swiatek တို့ ဖြစ်သည်။ **(NGB)**



### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပွဲစဉ် ၁၊၂၊၃၊၄ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၄-၉-၂၀၂၄ | (၁၇)ဘက်တစ် - လီဂါနက်စ်(၉) | ဘက်တစ် ၂-၁ လီဂါနက်စ် | ဘက်တစ်(အိမ်) | ၁ | - | ၁ | - | ၁ | ၁ |
| နံနက်၀၁:၃၀နာရီ | (D,D,-,L) (D,W,D,L) | လီဂါနက်စ် ၀-၀ ဘက်တစ် | လီဂါနက်စ်(ဝေး) | ၂ | - | ၂ | - | ၁ | ၁ |

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(နောက်ဆုံး ၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၃-၉-၂၀၂၄ သောကြာနေ့ | ညနေ၃:၃၀နာရီ (ရန်ကုန်ကွင်း) | (၇)ဒဂုံ - ရတနာပုံ(၅) (D,W,W,D,L) (L,W,L,W,D) | ——— |
| ။ | ညနေ၄:၀၀နာရီ (သုဝဏ္ဏကွင်း) | (၆)မဟာ - ရှမ်း(၁) (D,L,W,W,L) (D,W,W,W,W) | မဟာ ၀-၁ ရှမ်း ရှမ်း ၄-၁ မဟာ |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပွဲစဉ် ၁၊၂၊၃၊၄ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၄-၉-၂၀၂၄ | (၁၉)ဟားလ်စီးတီး - ရှက်ဖီးလ်Utd(၈) | ဟားလ်စီးတီး ၀-၂ ရှက်ဖီးလ်Utd | ဟားလ်စီးတီး(အိမ်) | ၂ | - | ၂ | - | ၁ | ၁ |
| နံနက်၀၁:၃၀နာရီ | (D,D,D,L) (W,D,D,W) | ရှက်ဖီးလ်Utd ၁-၀ ဟားလ်စီးတီး | ရှက်ဖီးလ်Utd(ဝေး) | ၂ | ၁ | ၁ | - | ၃ | ၁ |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပွဲစဉ် ၁၊၂၊၃ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၄-၉-၂၀၂၄ | (၁၈)စိန့်အက်တီယန် - လိုင်လီ(၆) | စိန့်အက်တီယန် ၁-၁ လိုင်လီ | စိန့်အက်တီယန်(အိမ်) | ၁ | - | - | ၁ | - | ၂ |
| နံနက်၀၁:၅၅နာရီ | (L,L,L) (W,W,L) | လိုင်လီ ၀-၀ စိန့်အက်တီယန် | လိုင်လီ(ဝေး) | ၁ | ၁ | - | - | ၂ | - |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပွဲစဉ် ၁၊၂ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၄-၉-၂၀၂၄ | (၄)ဒေါ့မွန် - ဟိုင်ဒင်ဟိမ်း(၁) | ဒေါ့မွန် ၂-၂ ဟိုင်ဒင်ဟိမ်း | ဒေါ့မွန်(အိမ်) | ၁ | ၁ | - | - | ၂ | - |
| နံနက်၀၁:၀၀နာရီ | (W,D) (W,W) | ဟိုင်ဒင်ဟိမ်း ၀-၀ ဒေါ့မွန် | ဟိုင်ဒင်ဟိမ်း(ဝေး) | ၁ | ၁ | - | - | ၂ | - |

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း ပြည်ကြီးတံခွန်မြို့နယ် (၁၃၉)လမ်းနှင့် (၁၄၆)လမ်းကြား၊ စွယ်တော်မြတ်စေတီတော် အရှေ့ဘက်မုခ်ဦးရှေ့အထိ (၆၈)လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းတိုးချဲ့ဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်းနှင့် တာဝန်ရှိသူများလိုက်ပါကာ ယနေ့နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ် (၁၃၉)လမ်းမှ အမရပူရမြို့နယ် (၁၄၆)လမ်းစွယ်တော်မြတ်စေတီတော်အရှေ့ဘက်မုခ်ဦးရှေ့အထိ (၆၈)လမ်းတစ်လျှောက် လမ်းဘေးဝဲ၊ ယာရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းအသစ်များတူးဖော်ခြင်းလုပ်ငန်းနှင့် လမ်းကူးတံတားများ တည်ဆောက်ခြင်းလုပ်ငန်းများ၊ စွယ်တော်မြတ်စေတီတော်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် (၁၃၉)လမ်းနှင့် (၁၄၀)လမ်းကြား (၆၈)လမ်းသို့ ရောက်ရှိကြပြီး လမ်း၏အနောက်ဘက်ခြမ်းတစ်လျှောက်တွင် ရေစီးရေလာပိုမိုကောင်းမွန်စေရန် မူလမြောင်းအကျယ်(၃)ပေခန့်ထက် အကျယ်(၅)ပေရှိ ရေနုတ်မြောင်းတိုးချဲ့ဖောက်လုပ်နေသည့် စက်ယန္တရားများ အသုံးပြု၍ မြေသားမြောင်းအသစ်တူးဖော်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက (၁၃၉)လမ်းမှ ရေဆိုးပစ်မြောင်းအထိ (၆၈)လမ်းတစ်လျှောက် ရေနုတ်မြောင်းဖောက်လုပ်မှု အမြန်ဆုံးပြီးစီးရေး စက်အင်အားတိုးချဲ့ပြီး အပိုင်းလိုက်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

မြို့တော်ဝန်က မြောင်းဖောက်လုပ်ရာတွင် လိုအပ်သည့်နေရာများ၌ ကွန်ကရစ်ပြွန် (သို့မဟုတ်) Precast Box Culvert များထည့်သွင်းတည်ဆောက်ပေးရန်၊ ရေမြောင်း(Level)အား ရေစီးရေလာကောင်းအောင် အနိမ့်အမြင့် စနစ်တကျ တွက်ချက်၍ တူးဖော်သွားရန်၊ ယခုဖောက်လုပ်နေသည့် ရေမြောင်းနှင့် မလွတ်ကင်းသည့် သစ်ပင်များကို ရှင်းလင်းရန် ကိစ္စရပ်များကို ဖြည့်စွက်မှာကြားခဲ့သည်။





ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် (၆၈)လမ်းနှင့် (၁၄၀)ဘီလမ်းဆုံ နေရာတွင် မိုးရေများတင်ကျန်၍ ရေဝပ်မှုဖြစ်ပေါ်နေမှုအား ကြည့်ရှုကာ အဆိုပါရေများအား မြောင်းအတွင်း စီးဝင်နိုင်ရေး ဆောင်ရွက်ပေးရန်မှာကြားခဲ့ပြီးနောက် အမရပူရမြို့နယ် ရေဆိုးပစ်မြောင်းထိပ်မှ (၁၄၆ စီ)လမ်းစွယ်တော်မြတ်စေတီတော် အရှေ့ဘက်မုခ်ဦးအရှေ့အထိ (၆၈) လမ်း၏အရှေ့ဘက်ခြမ်းတစ်လျှောက်တွင် (၄)ပေအကျယ် မြေသားမြောင်းအသစ် တူးဖော်ဆောင်ရွက်မှု လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ လမ်းတံတားဌာန ဌာနမှူးက အဆိုပါလမ်းပိုင်းအတွင်း လမ်းဖြတ်နေရာများ၌ (၄)ပေပတ်လည် Precast Box Culvert(အမိုးပိတ်ကွန်ကရစ်တံတား) (၈)စင်းတည်ဆောက်မည့်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြသည်။

မြို့တော်ဝန်က စွယ်တော်မြတ်စေတီအရှေ့မုခ်ဦးဘက်ခြမ်းတွင်လည်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းစနစ်တကျ တူးဖော်ပေးရေးနှင့် တူးဖော်ပြီး မြောင်းစာမြေကြီးများအား နောက်ထပ်(၁၀)ပေအကျယ် လမ်းတစ်လမ်းတိုးချဲ့နိုင်ရန် လမ်းဘေးအနိမ့်ပိုင်း နေရာများတွင် ဖို့ပေးရန်နှင့် နောင်လာမည့် ဘတ်ဂျက်တွင် ယခုမြေသားမြောင်းများအား(Precast Drain)များ အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန်တို့ကို မှာကြားပြီးနောက် စက်ယန္တရားဖြင့် မြောင်းသစ်တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် စွယ်တော်မြတ်စေတီတော်ဝင်းအတွင်း မြို့တော်စည်ပင်သန့်ရှင်းရေးဌာန လုပ်သားများက မြက်ဖြတ်စက်များ အသုံးပြု၍ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လက်ရှိဈေးဆိုင်ခန်းများဖျက်၍ တစ်ပုံစံတည်း သတ်မှတ်နေရာတွင် စနစ်တကျမြင်ကွင်းကောင်းအောင် တည်ဆောက်ရန်နေရာအား ရွေးချယ်၍ ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့မှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းနှင့် မြဝတီမင်းကြီး (A-1)လမ်းဆုံအနီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံးရှေ့ (၆၂)လမ်း အရှေ့ဘက်ခြမ်းတစ်လျှောက်တွင် စက်ယန္တရားဖြင့် ရေနုတ်မြောင်းသစ်တူးဖော်ဆောင်ရွက်နေမှုအား ကြည့်ရှုခဲ့ပြီး ကျူးကျော်တည်ဆောက်ထားသည့် ဈေးဆိုင်ခန်းများ ရှင်းလင်းရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်ဆောင်ရွက်ပေးရန် ညှိနှိုင်းခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် (၅၇ အေ)လမ်းနှင့် (၁၁၅)လမ်းဆုံအနီး နဒီမြောင်းနှင့် ပန်းရန်တော်ချောင်းဆုံနေရာသို့ ရောက်ရှိကြပြီး ၅၉ လမ်းမှ ပန်းရန်တော်ချောင်းနှင့် နဒီမြောင်းဆုံသည့် ချောင်းဆုံနေရာတွင် ယခင်ကျဉ်းမြောင်းနေသည့် ကျူးကျော်အိမ်များအားဖျက်၍ နဒီမြောင်းကျောက်ရိုးစီမြေထိန်းနံရံရေသွား အကျယ်(၂၂)ပေ×အရှည်ပေ(၁၀၀၀)ကျော်ခန့် တည်ဆောက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တော်ဝန်က ယခုနေရာသည် မန္တလေးမြို့တွင်း ရေများစုစည်း၍ ပန်းရန်တော်ချောင်းနှင့် နဒီမြောင်းအတွင်း စီးဆင်းပြီး ဆုံမှတ်နေရာဖြစ်ကာ ယခုကဲ့သို့ ရေထွက်ကောင်းအောင်ချဲ့ထွင်ပေးလိုက်ခြင်းဖြင့် ရေနုတ်အား ပိုမိုကောင်းမွန်လာကာ မန္တလေးမြို့တွင်းမှ ရေများအမြန်ဆုံး စီးထွက်သွားမည်ဖြစ်၍ ယခုကဲ့သို့ တည်ဆောက်ခြင်းသည် လွန်စွာကောင်းမွန်ပါကြောင်းနှင့် အမြန်ဆုံးပြီးစီးရေး စီစဉ်ဆောင်ရွက်ပေးရန် လမ်းတံတားဌာန ဌာနမှူးအား ပြောကြားပြီး အဆိုပါ ကျောက်ရိုးစီမြေထိန်းနံရံအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနရှိ ယာယီဝန်ထမ်းများအား တစ်ဦးလျှင် ဆန် ၄ ပြည်နှုန်း ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ယာယီဝန်ထမ်းများအား မီးဖိုချောင်အသုံးစရိတ် ချွေတာနိုင်ရန် ရက်သတ္တပတ် ၂ ပတ်စာ တစ်အိမ်ထောင် ၃ ဦးနှုန်းဖြင့် တွက်ချက်ပြီး ဝန်ထမ်းတစ်ဦးလျှင် ဆန် ၄ ပြည်နှုန်းထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၁ ရက်မွန်းလွဲပိုင်းက မဟာအောင်မြေမြို့နယ်၊ ၆၂ လမ်း၊ မနော်ရမ္မံရှိ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနရုံး၌ ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်း၊ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန ဌာနမှူး ဦးစိုးလင်း၊ ဒုတိယဌာနမှူး ဦးဖြိုးဇော်ငြိမ်းနှင့် ဌာနခွဲမှူးများ၊ ဌာနစုမှူးများနှင့် ယာယီဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်က ယခုကဲ့သို့ မိမိ၏ဝန်ထမ်းများအား တစ်ပိုင်တစ်နိုင်ကူညီထောက်ပံ့ပေးနိုင်ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ နောင်တွင်လည်း ဌာနအနေဖြင့် ဆက်လက်၍ အတတ်နိုင်ဆုံး မိမိဝန်ထမ်းများကို ပံ့ပိုးမှုလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ပေးရန် တိုက်တွန်းပါကြောင်း စသည်ဖြင့် အဖွင့်အမှာစကားပြောကြားပြီးနောက် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန ဌာနမှူးက ဌာနရှိ အရာထမ်းနှင့်အမှုထမ်းများ၊ ယာယီဝန်ထမ်းများအား ထောက်ပံ့ပေးနိုင်ရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့တော်ဝန်က ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနအောက်ရှိ လုပ်ငန်းဌာနခွဲမှ ယာယီဝန်ထမ်းများအတွက်လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်(၂)၊ ဌာနမှူးနှင့် ဒုတိယဌာနမှူးတို့က ပျိုးဥယျာဉ်ဌာနခွဲ၊ အထူးလုပ်ငန်းဌာနခွဲ၊ ရတနာပုံဥယျာဉ်ဌာနခွဲ အသီးသီးတို့မှ ယာယီဝန်ထမ်းများအတွက်လည်းကောင်း ထောက်ပံ့ပစ္စည်းဆန်များကို ပေးအပ်ကြရာ ယာယီဝန်ထမ်းများ ကိုယ်စား သက်ဆိုင်ရာဌာနခွဲအလိုက် ဌာနခွဲမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီးနောက် မြို့တော်ဝန်က နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(အပေါ်ပုံ)**



ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနအနေဖြင့် အရာထမ်း ၁၁ ဦး၊ အမှုထမ်း ၁၆၀ ဦးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်၍ ယခုအခမ်းအနားတွင် ယာယီဝန်ထမ်း ၅၇၃ ဦးတို့အား ဆက်လက်ထောက်ပံ့ပေးအပ်နိုင်ခဲ့ခြင်းဖြစ်ရာ စုစုပေါင်း ဝန်ထမ်းအင်အား ၇၄၄ ဦးတို့အတွက် ထောက်ပံ့ပေးအပ်မှု ကုန်ကျသည့်တန်ဖိုးမှာ ငွေကျပ် ၁၅၄ သိန်းခန့် ထောက်ပံ့မှုပေးနိုင်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## MNL Youth (U-20) League 2024 ဒုတိယအကျော့ပြိုင်ပွဲအတွက် အသက်စစ်ဆေးခြင်း ပြုလုပ်



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MNL Youth (U-20) League 2024 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့အတွက် ကလပ်အသင်းများမှ ကစားသမားသစ်များ အသက်မှန်ကန်မှုရှိစေရန်အတွက် လူတွေ့စစ်ဆေးခြင်းကို စက်တင်ဘာ ၁၁ ရက်တွင် ပြုလုပ်သည်။

ယင်းသို့စစ်ဆေးရာတွင် ကစားသမားများ၏ မှတ်ပုံတင်မူရင်း၊ သန်းခေါင်စာရင်းမူရင်း၊ မွေးစာရင်းမူရင်း၊ ကျောင်းထောက်ခံစာစသည့် လုံလောက်သော အထောက်အထားအပြည့်အစုံရှိ၊ မရှိ စစ်ဆေးခြင်း၊ ပြင်ရာ၊ ဖျက်ရာ ပြုလုပ်ထားခြင်း ရှိ၊ မရှိတို့ကို မြန်မာနေရှင်နယ်လိဂ်အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော် ဦးဆောင်ကြပ်မတ်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဆေးမှူးချုပ် ဒေါက်တာအောင်ကျော်ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကလပ်အသင်းများမှ အသက်စစ်ဆေးရေးအဖွဲ့ဝင်များက အသေးစိတ်ပူးပေါင်းစစ်ဆေးခဲ့ခြင်း ဖြစ်သည်။

ပြိုင်ပွဲဝင် (၁၃)သင်း ပါဝင်သည့် MNL Youth (U-20) League 2024 ပြိုင်ပွဲပထမအကျော့အပြီးတွင် ရှမ်းယူနိုက်တက်ယူ ၂၀ အသင်းက ရမှတ် ၂၉ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားပြီး ဒုတိယအကျော့ပွဲစဉ်များကို စက်တင်ဘာ ၁၆ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ စလင်း၊ ပဒုမ္မာကွင်းနှင့် တောင်ဒဂုံကွင်းများ၌ ကျင်းပသွားမည် ဖြစ်သည်။

**(NGB)**



## အမှတ်(၁၈)အခြေခံပညာမူလတန်းကျောင်းတွင် ကဗျာရွတ်ဆို၊ ပုံပြောနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ပုသိမ်ကြီး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ကျေးရွာရှိ အမှတ်(၁၈)အခြေခံပညာမူလတန်းကျောင်းတွင် ယနေ့နံနက် ၉ နာရီခွဲက ကဗျာရွတ်ဆို၊ ပုံပြောနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်မင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းမှ ဆရာမောင်ရန်ရှင်း(ရန်ကင်းတောင်)က မုဒိတာစကား ပြောကြားကာ ပြိုင်ပွဲများအား ကျင်းပပြုလုပ်ခဲ့သည်။ ဆက်လက်၍ ပြိုင်ပွဲများ၌ ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ကျောင်းအုပ်ကြီး ဒေါ်နွဲ့နွဲ့ရီက အဆိုပါပြိုင်ပွဲများ ဖြစ်မြောက်ရေးအတွက် တက်ရောက်ပေးကြသည့် ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ကျောင်းသား မိဘများအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး ဆုရရှိသူများနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ကြကြောင်း သိရသည်။ **(ဝ၉၅)**

## ဧရာဝတီမြစ်၊ မန္တလေးဆိပ်ကမ်းတွင် စိုးရိမ်ရေအမှတ်အောက် ၁၅ ပေအကွာတွင် ရှိသည်ဟု ဆို

**မန္တလေး စက်တင်ဘာ ၁၂**

ဧရာဝတီမြစ်၊ မန္တလေးဆိပ်ကမ်းတွင် ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ရေအမှတ် ၂၅ ဒသမ ၉၅ ပေရှိရာ စိုးရိမ်ရေအမှတ် ၄၁ ဒသမ ၃၄ ပေ(၁၂၆၀ စင်တီမီတာ)အောက် ၁၅ ပေ အကွာတွင် ရောက်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ သိရသည်။

စက်တင်ဘာ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုး/ဇလမှ မြစ်ရေအခြေအနေခန့်မှန်းချက်တွင် ဧရာဝတီမြစ်ရေသည် မြစ်ကြီးနား၊ ဗန်းမော်၊ ရွှေကူနှင့် ကသာမြို့များတွင် ၁ ပေခွဲမှ ၃ ပေခန့်၊ သပိတ်ကျင်း၊ မန္တလေး၊ စစ်ကိုင်း၊ မြင်းမူ၊ ပခုက္ကူ၊ ညောင်ဦး၊ ချောက်စသည့် အောက်ပိုင်းဒေသမြစ်ကမ်းများတွင် ပေဝက်မှ ၁ ပေခွဲခန့်ထိ လက်ရှိမြစ်ရေအမှတ်များအထက် မြင့်တက်လာနိုင်သည်ဟုဆိုသည်။

"တိုင်ဖွန်းမုန်တိုင်း(ရာဂီ)က အင်အားပြင်းတာကြောင့် မုန်တိုင်းအကြွင်းအကျန်တွေက လေပွေလှိုင်းအဖြစ်ပါလာပြီး ရှမ်းပြည်နယ်ကို ဖြတ်သန်းသွားတဲ့အခါ ပျံ့လွင့်သွားပြီး ဒေသအတော်များများမှာ မိုးရွာစေတယ်။ တိမ်တိုက်တွေ ရွေ့လျားမှုပေါ်မူတည်ပြီး



မိုးအနည်းအများဖြစ်ပေါ်တာပါ။ အကြွင်းအကျန်တွေ ကြာရှည်လေ မိုးများလေဖြစ်ပြီး ရေကြီးမှုဖြစ်ပေါ်တယ်"ဟု မိုး/ဇလ ပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

မိုး/ဇလထုတ်ပြန်သည့် ညနေ ၆ နာရီခွဲအချိန်မြစ်ရေတိုင်းထွာချက်များအရ မန္တလေးဆိပ်ကမ်းတွင် စက်တင်ဘာ ၆ ရက်နေ့က မြစ်ရေအမှတ် ၂၄ ဒသမ ၉၃ ပေရှိပြီး ၇ ရက်မှ စတင်၍ ဒေသအလိုက် မိုးပျံ့နှံ့ရွာသွန်းခဲ့ရာ ၉ ရက်နေ့တွင် ၂၅ ဒသမ ၇၅ ပေ၊ ၁၀ ရက်နေ့တွင် ၂၆ ဒသမ ၅၄ ပေ၊ ၁၁ ရက်နေ့တွင် ၂၆ ဒသမ ၃၈ ပေ၊ ယနေ့တွင် ၂၅ ဒသမ ၉၅ ပေ ရှိကြောင်း သိရသည်။

"ရှမ်းတောင်တန်းတွေမှာ မိုးသည်းထန်စွာရွာသွန်းတော့ ရှမ်းကုန်းမြင့်ဘက်မှာ ဖြစ်ဖျားခံစီးဆင်းတဲ့ မြစ်တွေမှာ ရေလမ်းကြောင်းတွေက ပိုလျှံလာတဲ့ရေတွေ စီးဆင်းလာတာရယ်၊ မုန်တိုင်းအကြွင်းအကျန်တိမ်တိုက်တွေ ဖြတ်သန်းသွားတာရယ်ကြောင့် ရေကြီးမှုဖြစ်စေတယ်။ နောက် ၂ ရက်လောက်မှာ မိုးရွာသွန်းမှု လျော့သွားနိုင်တယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်များမှ အချို့သော ဆိပ်ကမ်းမြို့များ၌ ယင်းမြို့များ၏ စိုးရိမ်ရေအမှတ်အထက်ရောက်ရှိနေကြောင်း၊ ရေကြီးရေလျှံမှုများဖြစ်သည့် ဒေသများတွင် သက်ဆိုင်ရာမှ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။**(မန္တလေးနေ့စဉ်-၉)**

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်



## တစ်ပြည်လုံးအနှံ့ မိုးရွာသွန်းနေမှုများကြောင့် ပဲ၊ နှမ်းဈေးကွက် ဈေးကျဆင်းမှုမရှိသော်လည်း အရောင်းအဝယ် အေးလျက်ရှိ

တစ်ပြည်လုံးအနှံ့မိုးရွာသွန်းနေမှုများကြောင့် ပဲ၊နှမ်း ဈေးကွက် ဈေးကျဆင်းမှုမရှိသော်လည်း အရောင်းအဝယ်အေးလျက်ရှိကြောင်း ပဲကုန်သည်များထံက သိရသည်။

ပြည်တွင်းငွေဈေးပြောင်းလဲမှုကို စောင့်ကြည့်ဝယ်ယူမှုများကြောင့် မန္တလေးကုန်စည်ဒိုင်တွင် မွန်းလွဲပိုင်း နောက်ပိုင်းမှသာ အရောင်းအဝယ် ဈေးပြတ်နေသလို မြေပဲနှင့်နှမ်းမျိုးစုံကသာ အရောင်းအဝယ်သွက်နေခြင်း ဖြစ်သည်။

စက်တင်ဘာ ဒုတိယသီတင်းပတ်တွင် တစ်ပြည်လုံးမိုးရွာသွန်းမှုများကြောင့် မန္တလေးဈေးကွက်အတွင်း ပဲအသစ်များ ဝင်ရောက်မှုနည်းကာ လက်ကျန်ပဲများလည်း နည်းလာသောကြောင့် ကုန်စည်ဒိုင်တွင် အရောင်းအဝယ်အေးနေကြောင်း၊ ပြည်တွင်းငွေဈေးမတည်ငြိမ်ခြင်းကြောင့် ပဲ၊ နှမ်းဈေးကွက်မှာ စောင့်ကြည့် စောင့်ဝယ်ဖြင့် အနည်းငယ်သာ အရောင်းအဝယ်ဖြစ်နေကြောင်း၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"မိုးရွာသွန်းမှုများ ရက်ဆက်ရွာသွန်းနေတော့ ပဲ၊ နှမ်း ဈေးကွက်အတွင်း ပစ္စည်းဝင်ရောက်မှု နည်းသလို ပြည်တွင်းငွေဈေး မတည်ငြိမ်တော့ စောင့်ကြည့်ရောင်းဝယ်နေလို့ ဈေးကွက်အတွင်း အရောင်းအဝယ် အေးနေပါတယ်။ ပြည်တွင်းသုံးကုလားပဲအုပ်စုနဲ့ ပဲမာလိုင်းများ ဈေးမငြိမ်ဖြစ်နေပါတယ်။ ဒီရက်ပိုင်း ကုန်စည်ဒိုင်မှာ အရောင်းအဝယ် ဈေးပြတ်တာ နောက်ကျမှသာ အရောင်းအဝယ် ဖြစ်နေတာမျိုးပါ။ မိုးရွာတာ ပြတ်သွားမှသာ ပဲ၊ နှမ်းဈေးကွက် အရောင်းအဝယ် ပြန်သွက်လာနိုင်ပါတယ်။ ဈေးကွက်ထဲမှာ ပဲလက်ကျန်တွေ အရမ်းနည်းသွားတော့ ပို့ကုန်ပဲတွေလည်း ဈေးသာရှိနေတာ အရောင်းအဝယ်နည်းပါတယ်။ မြေပဲဆန်နဲ့ နှမ်းမျိုးစုံကတော့ အရောင်းအဝယ်သွက်ပါတယ်"ဟု ၎င်းက ပြောသည်။

စက်တင်ဘာ ၁၂ ရက်တွင် ပို့ကုန်မတ်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀(ဟောင်း)၊ မတ်ပဲ(ရေသွင်းသစ်)ငွေကျပ် ၃၄၀၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၅၅၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀ ပေါက်ဈေး ဖြစ်လာသည်။**(အောက်ပုံ)**

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပို့ကုန်တင်ပို့မှု အဝယ်အေးသွားသောကြောင့် ဈေးနှုန်းအနည်းငယ် ဆက်လက်ဈေးကျဆင်းသွားရာ ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၇၂၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀ ပေါက်ဈေး ဖြစ်လာသည်။

မိုးမြေပဲများမှာ မိုးရွာသွန်းမှုများကြောင့် အရည်အသွေးအနည်းငယ် ကျဆင်းသောကြောင့် ဈေးအနည်းငယ် ကျဆင်းလာရာ စက်တင်ဘာ ၁၂ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ငွေကျပ် ၄၃၀၀၀၀၊ ပဲပုပ်(ရှမ်း) တစ်အိတ်လျှင် ငွေကျပ် ၃၉၅၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀-၉၃၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ ပေါက်ဈေး ရှိနေသည်။

နှမ်းဈေးကွက်တွင် အက်စစ်ပါဝင်မှု အရည်အသွေးအပေါ်မူတည်ရာ စက်တင်ဘာ ၁၂ရက်တွင် နှမ်းမျိုးစုံပေါက်ဈေး အနည်းငယ် ကျဆင်းလာရာ နှမ်းနက်(စမုန်) တစ်အိတ်လျှင် ငွေကျပ် ၅၂၀၀၀၀၊ (အက်စစ်လွတ်) ၆၁၀၀၀၀၊ နှမ်းဖြူ(ဂျပန်)၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၀၊ နှမ်းဖြူရိုးရိုး တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀၊ နှမ်းညို တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ ပန်းနှမ်း တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။ **ရွှေမန်း**



## ခရမ်းချဉ်သီးအပါအဝင် စားဖိုဆောင်သီးနှံများ ဈေးကျဆင်း

ပြည်တွင်းမိုးရွာသွန်းမှုများနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ခရမ်းချဉ်သီး အပါအဝင် စားဖိုဆောင်သီးနှံများ ဈေးကွက်သို့ တင်ပို့နိုင်ခြင်းမရှိဘဲ ဈေးကျဆင်းနေကြောင်း တောင်သူများထံမှ သိရသည်။

ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ထွက်ရှိသည့် ဒေသခရမ်းချဉ်သီးများ ဈေးကွက်သို့ တင်ပို့နိုင်ရန် အခက်အခဲ ရှိသောကြောင့် ခရမ်းချဉ်သီး အပါအဝင် စားဖိုဆောင်သီးနှံများ ဈေးကောင်းမရဖြစ်နေကြောင်း ခရမ်းချဉ်သီးစိုက် တောင်သူတစ်ဦးက ပြောသည်။

"ဒီရက်ပိုင်း မိုးရွာတာ ရက်ဆက်နေသလို ကားတင်ပို့ရန် အခက်အခဲရှိတော့ ဒေသတွင်းမှာဘဲ ဈေးလျှော့ရောင်းချနေရပါတယ်။ အဝေးတင်နိုင်ရင်တော့ ခရမ်းချဉ်သီးက ဈေးကောင်းရပါတယ်"ဟု ၎င်းက ပြောသည်။

ဇူလိုင်လတွင် ခရမ်းချဉ်သီးဈေး တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ထိ ပေါက်ဈေးရှိပြီး ဩဂုတ်လတွင် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ကျော် ရောင်းချခဲ့ရပြီး စက်တင်ဘာ ပထမသီတင်းပတ်မှစတင်ပြီး တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ခန့်သာ စိုက်ခင်းဈေး ရောင်းချနေရသည်။

လက်ရှိအချိန်တွင် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးဈေးကွက်များသို့ တင်ပို့နိုင်ခြင်းမရှိသောကြောင့် ခရမ်းချဉ်သီးဈေး မြင့်တက်လာနိုင်ခြေရှိသည်။

မြန်မာနိုင်ငံ၌ ခရမ်းချဉ်သီးကို ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြပြီး ဒေသတစ်ခုနှင့်တစ်ခု စိုက်ပျိုးချိန် မတူညီသောကြောင့် အသီးထွက်ရှိချိန် ဈေးရရှိမှု မတူညီကြခြင်း ဖြစ်သည်။

ပုံမှန်အားဖြင့် ခရမ်းချဉ်သီးမှာ နှစ်စဉ် မေလမှ စက်တင်ဘာလအတွင်း ခရမ်းချဉ်သီး ဈေးကောင်းရရှိသော်လည်း ယခုနှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ခရမ်းချဉ်သီးဈေးကွက် မတည်ငြိမ်ဖြစ်နေသည်။

အလားတူ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ခြင်းမရှိသည့် ငရုတ်သီးအစို ဈေးကွက်မှာလည်း ကျဆင်းနေသည်။

လက်ရှိအချိန်တွင် စိုက်ပျိုးတောင်သူများအနေဖြင့် ဈေးကွက်သို့တင်ပို့ရန် အခက်အခဲရှိသောကြောင့် ဈေးကောင်းမရရှိသော်လည်း စားသုံးသူများအနေဖြင့် ဈေးကွက်တွင်း စားဖိုဆောင်သီးနှံများ အဝင်နည်းသောကြောင့် ဈေးကြီး ဝယ်ယူနေရသည်။

စားဖိုဆောင်သီးနှံများမှာ ဈေးကွက်အတွင်း ဒေသအစုံမှ အဝင်များနေလျှင် ဈေးကျဆင်းပြီး အဝင်နည်းသည့် အချိန်များတွင် ဈေးမြင့်တက်လေ့ရှိကြောင်း သိရသည်။

**(အပေါ်ပုံ) ရွှေမန်း**

## ပြည်တွင်း ရည်ညွှန်းဆန်ဈေးနှုန်း ယခင်လထက် အနည်းငယ်မြင့်တက်လာ

ပြည်တွင်း ရည်ညွှန်းဆန်ဈေးနှုန်း ယခင်လထက် အနည်းငယ် ဈေးမြင့်တက်လာရာ ဆန်အမျိုးအစားလိုက် တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ခန့် မြင့်တက်လာသည်။

စက်တင်ဘာလအတွက် သတ်မှတ်ထားသော ဆန်ရည်ညွှန်းဈေးနှုန်းများကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က သတ်မှတ်ထုတ်ပြန်ခဲ့ရာ ဩဂုတ်လထက် အနည်းငယ် မြင့်တက်လာသည်။

စက်တင်ဘာလ ဆန်ဈေးနှုန်း သတ်မှတ်ထုတ်ပြန်ရာတွင် ဆန်အမျိုးအစားအပေါ်မူတည်ပြီး ဆန်တစ်အိတ်လျှင် အနည်းဆုံး ငွေကျပ် ၇၁၀၀၀မှ ၁၅၀၀၀၀ထိ သတ်မှတ်ထားပြီး ဩဂုတ်လက အနည်းဆုံး ဆန်တစ်အိတ်လျှင် ငွေကျပ် ၆၈၀၀၀မှ ၁၄၅၀၀၀ထိ သတ်မှတ်ထုတ်ပြန်ခဲ့သောကြောင့် ဆန်အမျိုးအစားလိုက် တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀-၅၀၀၀ ဈေးမြင့်တက်ခဲ့ခြင်း ဖြစ်သည်။

စက်တင်ဘာလအတွက် ဆန်ဈေးနှုန်းများမှာ ဆန်ကြမ်းအုပ်စုဖြစ်သည့် ဧည့်မထ၊ ငစိန်၊ ဆင်းသုခ၊ ရတနာတိုး၊ ကရင်မ၊ ထွင်းပုစသည့် ဆန်အမျိုးအစားများမှာ တစ်အိတ်လျှင် ငွေကျပ် ၇၁၀၀၀-၈၃၀၀၀ကြားကို ရန်ကုန်အထိုင်ဈေးအဖြစ် သတ်မှတ်ထားသည်။ ဆန်ချောအုပ်စုဖြစ်သည့် ဧရာဝတီပေါ်ဆန်း၊ ခွန်နီ၊ ပေါ်ကျွဲ၊ ကျားပြန် အမျိုးအစားများမှာ တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀မှ ၁၃၅၀၀၀ထိ သတ်မှတ်ထားပြီး ပြည်တွင်းစားသုံးမှုများသည့် ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀-၁၅၀၀၀၀ထိ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က သတ်မှတ်ထားသည်။

အဆိုပါ သတ်မှတ်ဈေးနှုန်းများမှာ ရန်ကုန်အထိုင်ဈေးဖြစ်ပြီး နယ်မြေဒေသအလိုက် ဈေးနှုန်းသယ်ယူပို့ဆောင်စရိတ် ကွာခြားနိုင်သော်လည်း ယင်းထက်ပိုမိုရောင်းချပါက သက်ဆိုင်ရာသို့ တိုင်ကြားနိုင်ကြောင်း သိရသည်။

**(ယာပုံ)**

**(မန္တလေးနေ့စဉ်-၆)**

*-*-*-*-*



# ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ယောဂီဝတ်စုံများ ပေးအပ်



**မန္တလေး စက်တင်ဘာ ၁၂**


မဟာအောင်မြေမြို့နယ်၊ မဟာဝိဇယကျောင်းတိုက်၌ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ယောဂီဝတ်စုံများ ပေးအပ်လှူဒါန်းခြင်း ရေစက်ချ မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းတိုက်အတွင်း၌ ကျင်းပသည်။

အခမ်းအနားကို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဧည့်ပရိသတ်တို့က မဟာဝိဇယကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိစာရထံက သီလခံယူဆောက်တည်ပြီး သြဝါဒကထာ နာယူကြည်ညိုကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆရာတော်ကြီးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။ ယင်းနောက် ဆရာတော်ကြီးမှ မဟာဝိဇယသာသနာပြု ယောဂီအမျိုးသား၊ အမျိုးသမီးအဖွဲ့၊ ဝေယျာဝစ္စအဖွဲ့၊ ဆွမ်းကြီးခံအဖွဲ့နှင့် ဧငြိမ်းချမ်းသာဓမ္မာရုံ ဓမ္မစကြာဝတ်အသင်း၊ ချမ်းသာရဓမ္မာစကြာအဖွဲ့၊ (ဃ)ရပ်ကွက် ဓမ္မရက္ခိတဓမ္မာရုံ ဓမ္မစကြာအဖွဲ့၊ ရဲမွန်တောင်မေတ္တာမွန်လူမှုရေး အမျိုးသမီးအဖွဲ့၊ ဘုရားအမကြီးဒေါ်စန်းမြင့်၊ ဒေါ်တင်တင်အေး၊ ဒေါ်သန်းရီ၊ ဒေါ်မြင့်သဇင်၊ ဒေါ်မိုးလွင်နှင့် ဒေါ်တင်ဦးနှင့် ညီမများအဖွဲ့၊ ဦးယဉ်မောင်ထွန်းအဖွဲ့၊မဟာမြိုင်(၁)ဘုံ ဆွမ်းလောင်းအသင်း၊ ဦးနေမင်းဦးနှင့်အဖွဲ့၊ နွားထိုးကြီးမြို့နယ် သမင်ဘေးရွာ ဓမ္မစကြာအသင်းအဖွဲ့များအား ယောဂီဝတ်စုံများ ချီးမြှင့်ပေးအပ်ပြီး လှူဒါန်းမှုအစုစုတို့အတွက် မဟာဝိဇယဆရာတော်ကြီးမှ ရေစက်ချအနုမောဒနာတရားဟောကြား ချီးမြှင့်ပြီး အခမ်းအနားကို ဗုဒ္ဓသာသနာစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ဝ၅၁)

# ဖြိုး ရင်ခွင်လမ်း ကဗျာစာအုပ် ထုတ်ဝေဖြန့်ချိ



**မန္တလေး စက်တင်ဘာ ၁၂**

ကဗျာဆရာဖြိုး၏ ရင်ခွင်လမ်း ကဗျာစာအုပ် သစ္စာရောင်ခြည်စာပေမှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာတွင် ထုတ်ဝေဖြန့်ချိလိုက်သည်။ ဆရာ စောချိုသာ၏ နှုတ်ခွန်းဆက်စကား... နှုတ်ဆက်ဟူ၍ နှုးညံ့စွာ ဖမ်းစားခြင်း၊ ဆရာအောင်တင်ဝင်း(ငါ့သရောက်)၏ ဖွတ်ရေးလိုက်သည့် အမှာစာများနှင့်အတူ ကဗျာ ၅၃ ပုဒ် စုစည်းထားသည်။ **(အပေါ်ပုံ)**

အဆိုပါ ကဗျာစာအုပ်တွင် သမုဒယအလွန်၊ အတူတူ၊တမြေ့မြေ့၊ ဆုံနိုင်ခွင့်၊ အလွမ်းလှိုင်း၊ အသေအချာ၊ ဆုတောင်း၊ မြင်နေဆဲ၊ မြတ်နိုးသူ၊ ပျော်ပါစေ၊အပြန်လမ်း၊ အမေ့ခက်ခက်၊ သွားကြမယ်၊ အမှတ်ရရ၊ နွေခရီးသည်၊ အိပ်မက်ချစ်သူ၊ အနမ်းပန်း၊ အလွဲ၊ ပန်သစ္စာ၊ နွေဦးသို့၊ လွမ်းနေမယ်၊ မျှော်လင့်ခြင်း၊ဆုံရနိုးနိုး၊ ပေးပါဘူး၊အလွမ်းရာသီ၊အလိုက်သင့်၊ နေပါတော့၊ သခင့်ဆီ၊ ဂရုစိုက်ပါ၊အစဉ်ပြေပါစေ၊သတိတရ၊ ထာဝရ၊ သွေမပျက်၊ အလွမ်းမိုး၊ အဝေးချစ်၊ ရင်ခွင်လမ်း၊ သဘောအတိုင်းပါ၊ မျက်ရည်ရနံ့၊ ခိုင်လွန်းတဲ့ကြိုး၊ ထာဝရ၊ ဝေးတစ်သက်သက်၊ နေတတ်ပါပြီ၊ စိုးမျက်ဝန်း၊ အသဲဦး၊ မမေ့နိုင်၊ ဒါဆိုရင်လဲ၊ ချမ်းမြေ့ပါစေ၊ ဆုံချိန်မှာ၊ လွမ်းလွန်းတယ်၊ သောကကင်းစွာ၊မမေ့ပါ၊ တိတ်တိတ်ကလေး၊ အေးမြပါစေ ကဗျာတို့ ဖြစ်သည်။

**အစဉ်ပြေပါစေ**

အထိအရှကင်းတဲ့
သတိရခြင်းတွေပို့လိုက်တယ်နော်
ပျော်စေချင်တဲ့ ဆန္ဒကလွဲလို့
မျှော်လင့်ခြင်း တစ်စုံတစ်ရာမပါ
အရာရာအဆင်ပြေပါစေလို့ပါပဲ။

ဖြိုး

ပေါ့ပေါ့ပါးပါးခြင်း ပျော်ရွှင်စွာ ဖတ်ရှုရမည့် ကဗျာများ ဖြစ်သည်။ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ငွေကျပ် ၄၀၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(PNT)

**နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့ အမှတ်(၄)တပ်ခွဲမန္တလေးမှ တပ်ခွဲမှူးဒုရဲမှူးကျော်သောင်းအေးဦးစီးတပ်ဖွဲ့ဝင်များ ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက် မြန်မာ့မီးရထားဆေးခန်းဝင်းအတွင်း စက်တင်ဘာ ၁၂ ရက် ပြည်သူ့အကျိုးပြုလုပ်များ ဆောင်ရွက်စဉ်။**
**(ကဆ)**



# ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၂**

မိတ္ထီလာမြို့၊ လူထုအခြေပြုဇဟိုဌာနခွဲ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့(World Ozne Day) နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲမကျင်းပမီဦးစွာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲအားကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ပြိုင်ပွဲဝင် ၁၈ ဦးက မွန်ထရီရယ် နောက်ဆက်တွဲ စာချုပ်ရည်မှန်းချက် အောင်မြင်ဖို့ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး တိုးမြှင့်ဆောင်ရွက်စို့ ခေါင်းစဉ်ဖြင့် ဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ၏ ပါဝင်ယှဉ်ပြိုင်မှုအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်နှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာတို့က ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါ ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား စက်တင်ဘာ ၁၆ ရက်တွင် အထက(၃)၌ ကျင်းပမည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)
(၄၅၃)





ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ဘာဝနာတရား နေ့စဉ်ပွားလော့

* လောကလူ့ရွာ၊ ဤကမ္ဘာ၌
အချိန်နှီးကြား၊ လူများအမြင်
ပုံမှန်ညပင်၊ ရှည်လျားထင်၏ ။

* ခရီးလျှောက်လှမ်း၊ ပင်ပန်းနွမ်းလာ
သူများမှာလည်း ခရီးတစ်ယူဇနာ
လွန်ဝေးကွာဟု၊ ထင်ကြသည်ပင်
အမှန်ပင်တည်း ။

* ကောင်းမှုကုသိုလ်၊ ထိုထိုကိစ္စ
ဟူသမျှကို၊ မေ့လျော့နေကြ
လူဗာလတို့၊ သံသရာဘဝ
ရှည်လျားလှ၏ ။

* သံသရာဘဝ၊ တိုစေကြဖို့
ရတနာသုံးပါး၊ ဦးထိပ်ထား၍
ဒါနသီလ၊ သမထနှင့်
ဝိပဿနာ၊ ဘာဝနာတရား
(လက်ကိုင်ထားက)နေ့စဉ်ပွားက
ရှည်လျားလွန်စွာ၊ သံသရာသည်
သေချာမုချ၊ တိုလွန်းလှပြီ
လောကနီတိ၊ ဆိုအရှိကို
သိရှိစေရန်၊ ကဗျာဟန်ဖြင့်
တင်ပြပါသည်၊ အဆွေတို့။ ။

ဆန်း(မန္တလေး)

# သတင်းပဒေသာ

## အသံမစဲ ဥပ္ပါတသန္တိကျမ်းမြတ်ရွတ်ဖတ်ပူဇော်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် အောင်မင်္ဂလာမွေတော်ကျောင်း၌ ဆင်ယင်ကျင်းပသော နေ့ည အသံမစဲ ဥပ္ပါတသန္တိကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၌ ဝေးလံသော တောင်ပေါ်ကျေးရွာများမှ ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြင့်မားစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို စက်တင်ဘာ ၁၀ရက် မွန်းလွဲ ၁နာရီက ဝမ်ခုတ်ကျေးရွာအုပ်စု၊ နမ့်လွေစာကြည့်တိုက်သို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

---

## ထိန်းသိမ်းအစဉ် တို့ကျောင်းဝန်းကျင် ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ် မြို့မ အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် မိမိတို့ပတ်ဝန်းကျင်သာမက ကျောင်းပတ်ဝန်းကျင်တွင်လည်း ပလတ်စတစ် စွန့်ပစ်အမှိုက်များကို စည်းကမ်းမဲ့ မစွန့်ပစ်ဘဲ စနစ်တကျ စွန့်ပစ်တတ်သော အလေ့အထကောင်းများ ရရှိလာစေရန် ရည်ရွယ်၍ "ထိန်းသိမ်းအစဉ် တို့ကျောင်းဝန်းကျင်" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

---

## စားသုံးသူရေးရာ အသိပညာပေး ဟောပြော

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ် အနောက်ပိုင်းရပ်ကွက် အမကကျောင်းတွင် ယနေ့ နံနက် ၉နာရီက စားသုံးသူရေးရာ အသိပညာပေးဟောပြောဆွေးနွေးရာ မြို့နယ်စားသုံးသူရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်နေလင်းက စားသုံးသူတာဝန်များ စားသုံးသူ အခွင့်အရေးများနှင့် ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးနှင့် ကိုက်ညီသည့် အစားအသောက်များ ရွေးချယ်စားသောက်တတ်စေရေး ရည်ရွယ်၍ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့တွင် ကျန်းမာရေး ဝန်ကြီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်သည့် မျောက်ကျောက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်နှင့် မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၁၀နာရီက မြို့မဈေးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

---

## သန်းခေါင်စာရင်းအောင်မြင်စွာကောက်ယူနိုင်ရေးအတွက် ဆွေးနွေး

ရှမ်းပြည်နည်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်ကော်မတီဝင်များနှင့် ရပ်၊ကျေးကော်မတီဝင်များသည် မြို့နယ်အတွင်း သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

---

## လူငယ်စကားဝိုင်း ကျင်းပ

ကချင်ပြည်နယ်၊ချီဖွေမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို စက်တင်ဘာ ၉ရက် နံနက်၉နာရီခွဲတွင် ချီဖွေမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# ဆွမ်းဆန်တော်၊ ဆီ၊ ကြက်သွန်နီနှင့် ကုလားပဲများ ရဟန်း၊ သာမဏေနှင့်သီလရှင်များကို ထပ်ဆင့် ဆက်ကပ်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ကြက်သွန်နီနှင့် ကုလားပဲများအား အောင်မြေသာစံမြို့နယ်အတွင်းရှိ ရဟန်း၊သာမဏေနှင့် သီလရှင်များကို ထပ်ဆင့် ဆက်ကပ်လှူဒါန်းခြင်း ရေစက်ချ အခမ်းအနားကို စက်တင်ဘာ ၁၀ရက်နေ့ မွန်းလွဲ ၂နာရီက ၆၂လမ်း၊ လမ်း၂၀ရှိ ခင်မကန်တိုက်၊ မဟာဝိဇယာရာမ ဓမ္မဗိမာန်တော်တွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဆရာတော်ဘဒ္ဒန္တပညာသီရိဘိဝံသ (သုဓမ္မာ)၊ ဘဒ္ဒန္တ ယသဝန္တ(ရွှေကျင်)၊ ဘဒ္ဒန္တ စန္ဒိမာ(ငှက်တွင်း) အမှူးပြုသည့် သံဃာတော် ငါးပါး ကြွရောက်တော်မူကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးအောင်ဆွေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဝင်းမိုးထွန်းနှင့်အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းထွန်းလင်း၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးသိန်းလွင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက မြို့နယ်ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တယသဝန္တထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း၍ ရေစက်ချ အနုမောဒနာတရားနာယူကြည်ညိုကာ သံဃာတော်များ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်မြတ်များကို ရိုသေစွာ နာယူကြည်ညိုကြသည်။ **(အပေါ်ပုံ)**

ထိုသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းရာတွင် မြို့နယ်အတွင်းရှိ ကျောင်းတိုက် ၄၅၂ တိုက်မှ ဝါဆို၊ ဝါကပ်တော်မူကြသော ရဟန်း၊သာမဏေ ၇၈၄၃ပါး၊ သီလရှင်ကျောင်း ၈၃ကျောင်းမှ သီလရှင် ၂၂၂၉ပါး၊ စုစုပေါင်း ၁၀၀၇၂ပါးတို့ကို တစ်ပါးလျှင် ဆွမ်းဆန်တော် နှစ်ပြည်၊ ဆီ၊ ကုလားပဲနှင့် ကြက်သွန်နီ ၂၅ ကျပ်သားစီ၊ ဆန် ၁၂၅၉တင်း၊ဆီ ၂၅၁၀ပိဿာ၊ ကြက်သွန်နီ ၂၅၁၈ ပိဿာနှင့်ကုလားပဲ ၂၅၁၈ပိဿာ တို့အား လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **(ကဆ)**

# ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ နေ့ဆွမ်း ဆက်ကပ်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး၊ ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေးမြို့ ကရဝိက်ကဖေး မိသားစုမှ ဆေးရုံတက်ကုသနေသော သံဃာတော်၊ သီလရှင် ၂၅ပါးနှင့် အစောင့် ၂၅ပါး တို့အတွက် တန်ဖိုးငွေကျပ် ၆၅၀၀၀၀တန်ဖိုးရှိ နေ့ဆွမ်း နတ်သဒ္ဓါ၊ ကြက်သားနှပ်၊ တုံရမ်းချဉ်ရည်၊ ငရုတ်သီးကြော်တို့ကို ယမန်နေ့က လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့်ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

အလှူရှင်များ လှူဒါန်းလိုပါက ၀၉-၄၀၂၆၂၆၃၂၄သို့ တိုက်ရိုက်ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ကဆ)**



# မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ငွေလှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီမှ ကန်တော့ခံ ဆရာ၊ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များ စဉ်ဆက်မပြတ် ထောက်ပံ့လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း ကျန်းမာရေးငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိသည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို စက်တင်ဘာ ၁၀ရက် နံနက် ၁၀နာရီက မဟာအောင်မြေမြို့နယ်၊ ၅၃လမ်း၊ ၃၆လမ်းနှင့်၃၇လမ်းရှိ Hotel Hazel တွင်ကျင်းပရာ ဒေါ်သန်းသန်းဆွေ(ဓာတုဗေဒ)မှ ငွေကျပ် ၅သိန်းကို လှူဒါန်းရာ ကျန်းမာရေး စောင့်ရှောက်မှု ကော်မတီ နာယကဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌဦးပိုမြင့်၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အလှူရှင် မိသားစုသည် မန္တလေးတက္ကသိုလ် ဆရာ၊ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ နဝမအကြိမ် လှူဒါန်းခြင်းဖြစ်ပြီး စုစုပေါင်း ငွေပဒေသာပင် ငွေကျပ် ၅၃သိန်း လှူဒါန်းပြီး ဖြစ်သည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှု ကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့် ၂၃-၅-၂၀၂၃မှစ၍ ၂၀၂၄ခုနှစ် စက်တင်ဘာ ၁၀ရက်ထိ ဆရာ၊ဆရာမကြီး စုစုပေါင်း ၃၁၀ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြုငွေကျပ် ၅၂၃သိန်း ပေးအပ်နိုင်ခဲ့ပြီး ဘဏ်တွင် ငွေကျပ်သိန်း ၂၈၀၀ကျော် စုဆောင်းထားရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(ကဆ)**



# ကိုယ်၊ စိတ်နှစ်ပါး အေးချမ်းသွားအောင် တရားရိပ်မှာ နားခိုပါ

ကျွန်တော်တို့ရဲ့ ဒုက္ခက အမိဝမ်းတွင်းပဋိသန္ဓေတည်ကတည်းက စခဲ့တာပါ။ မိခင်ကလည်း ဒုက္ခနဲ့ အသက်နဲ့ရင်းပြီး မွေးဖွားပေးရပါတယ်။ အဲဒီကနေ အချိန်တန်အရွယ်ရောက်တော့ အိမ်ထောင်တွေပြုကြ၊ သား သမီးတွေရကြ၊ မိသားစုဘဝလေး ထူထောင်ကြပေါ့၊ မိသားစုစားဝတ်နေရေး၊ ပညာရေးနဲ့ ကျန်းမာရေးတွေအတွက် ကျွန်တော်တို့ နေပူမရှောင်၊ မိုးရွာမနား နေ့စဉ်နဲ့အမျှ နဖူးကချွေး ခြေမကျသည့်တိုင် အလုပ်တွေ လုပ်ကြရပါတယ်။

ဒီအတွက် ပင်ပန်းကြရပါတယ်။ ဆင်းရဲကြရပါတယ်။ တစ်ခါတစ်ခါ အလုပ်လုပ်ရတာ ပင်ပန်းဆင်းရဲလွန်းလို့ ထမင်းတောင် စားချင်စိတ် မရှိပါဘူး။ ဒီလို ပင်ပန်းဆင်းရဲခြင်းတွေဟာ တစ်နေ့ မဟုတ်ပါ။ တစ်လမဟုတ်ပါ။ အမြဲတမ်းကြုံတွေ့နေရတဲ့ဒုက္ခတွေပဲ ဖြစ်ပါတယ်။

ဒီလို ဆင်းရဲဒုက္ခတွေ ခံစားကြရတာ ကျွန်တော်တို့လို အခြေခံလူတန်းစားတွေချည်း မဟုတ်ပါ။ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ ပွဲစား အစရှိတဲ့ လူတန်းစားအလွှာတွေလည်း ကြုံတွေ့နေကြရတာပါ။

သူတို့ကျတော့ ငွေကြေးပြည့်စုံသူတွေဆိုတော့ စားဝတ်နေရေးအတွက်နဲ့ ဒီလိုဒုက္ခတွေ မခံစားရပေမယ့် တခြားကိစ္စတွေဖြစ်တဲ့ အိမ်ထောင်ရေးပြဿနာ၊ သားရေး သမီးရေးပြဿနာ၊ စီးပွားရေးပြဿနာ၊ လူမှုရေးပြဿနာနဲ့ ကျန်းမာရေးပြဿနာတွေနဲ့ပတ်သက်တဲ့ ဆင်းရဲဒုက္ခတွေ ရှိနေနိုင်ပါတယ်။ ဒီလိုရှိနေပေမယ့်လည်း သူတို့ဟာ ဂုဏ်သိက္ခာပိုင်းအရ ရင်ထဲမှာသာ မျိုသိပ်ပြီး ကြိတ်မှိတ်ခံစားနေခြင်းတွေကြောင့် လူမသိသူမသိဖြစ်ပါလိမ့်မယ်။

သူတို့လည်း ပုထုဇဉ်တွေပဲလေ ထိလွယ်၊ ရှလွယ်၊ ခံစားလွယ်ကြတဲ့သူတွေပါပဲ။ ပြောရရင် သူတို့ရင်ထဲမှာ ကိုယ်ဆင်းရဲခြင်းတွေ၊ စိတ်ဆင်းရဲခြင်းတွေ ရှိနေမှာကတော့ ဧကန်အမှန်မလွဲပါ။ ‘လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ’ ဆိုတဲ့အတိုင်း လူမှန်ရင် ဆင်းရဲဒုက္ခမကင်းနိုင်ပါ။ ရှိ၊ မရှိ သိချင်ရင် ဆင်းရဲဒုက္ခမကြုံဘူး၊ မတွေ့ဘူးတဲ့အိမ်က ဆန်လက်တစ်ဆုပ်လောက် လျှောက်ပြီးတောင်းကြည့်ပါလား။ ရမလား ဆိုတာကို မရနိုင်ပါ။ ဘာကြောင့်လည်းဆိုရင် လူတိုင်းမှာ ဆင်းရဲဒုက္ခတွေ အနည်းနဲ့အများ တွေ့ဖူး၊ ကြုံဖူးကြလို့ပါ။

လူတိုင်းကို ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖြစ်စေတဲ့ ဒုက္ခဆိုတာ ဘယ်ကလာတာလဲ။ သူ့အလိုအလျောက် ခြေထောက်ပေါက်ပြီး ရောက်လာတာလား။ မဟုတ်ပါ။ ကျွန်တော်တို့က မီးခွက်ထွန်းပြီး ဒုက္ခကို မတွေ့တွေ့အောင် ရှာဖွေခဲ့ပြီး အိမ်ကို ခေါ်ဆောင်လာခြင်းပါ။ ဒါကလည်း ဒုက္ခရဲ့အကြောင်း ကောင်းကောင်းမသိကြလို့ဘဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ဒုက္ခနဲ့ပတ်သက်တဲ့ ပုံပြင်လေးတစ်ခု ပြောပြချင်ပါတယ်။

ဟိုး …ရှေးရှေးတုန်းက ရွာတစ်ရွာရဲ့ အဝင်မှာရှိတဲ့ သစ်ပင်ကြီးတစ်ပင်ပေါ်မှာ မျောက်ကြီးတစ်ကောင် နေထိုင်ပါသတဲ့။ အဲဒီမျောက်ကြီးဟာ လူတွေနဲ့ အနေနီးတော့ လူတွေနဲ့ မစိမ်းဘူးပေါ့။

ရွာထဲက လူတွေကလည်း မျောက်ကြီးကို သနားပြီး စားစရာတွေ ပို့ပေးကြသတဲ့။ အဲဒီသစ်ပင်ကြီးအောက်မှာလည်း ခရီးသွားတွေ နားနေသောက်သုံးဖို့ ရေချမ်းစင်လေးတစ်ခုလည်း ရှိသတဲ့။ ခရီးသွားတွေဟာ သစ်ပင်ကြီးအောက်မှာ တစ်ထောက်နား အပန်းဖြေရေသောက်ကြရင်း စကားစမြည်တွေ ပြောကြတာပေါ့။

အဲ့ဒီပြောတဲ့အထဲမှာ ဒုက္ခဆိုတဲ့စကား အမြဲပါပြီး မျောက်ကြီးကလည်း အမြဲလိုလို ကြားနေရသတဲ့။ ဒါကြောင့် တစ်နေ့တော့ မျောက်ကြီးက ဒုက္ခဆိုတာနဲ့ ပတ်သက်ပြီး သိချင်လာတာကြောင့် သစ်ပင်ပေါ်က ဆင်းလာပြီး ခရီးသွားတွေကို မေးကြည့်သတဲ့။

‘ဒုက္ခဆိုတာ ဘာကိုခေါ်တာတုန်း’ လို့ မေးကြည့်တာပေါ့။ ခရီးသွားတစ်ယောက်က ဒုက္ခအကြောင်း သိချင်ရင် မနက်ဖြန်ခါကျ လာပေးလှည့်လို့ ပြောသွားသတဲ့။ ဒီလိုနဲ့ နောက်တစ်နေ့ မနက်ရောက်တဲ့အခါ ခရီးသွားဟာ ခွေးတွေကို စုထုပ်ပြီး ချည်ထားတဲ့ ဂုန်နီအိတ်ကြီးတစ်လုံး လာပေးသတဲ့။ ‘အဲဒီ အထုပ်ကြီးကိုထမ်းသွား ဒုက္ခဆိုတာ သိလိမ့်မယ်’ လို့လည်း ပြောသွားသတဲ့။

မျောက်ကြီးကလည်း ဘာမသိ၊ ညာမသိနဲ့ အထုပ်ကြီးကိုကြည့်ပြီး ‘ဒုက္ခဆိုတာ အထုပ်ကြီးပါလား’ လို့ မှတ်ချက်ချသတဲ့။ ဒါနဲ့ မျောက်ကြီးကလည်း အထုပ်ကိုထမ်းပြီး ထွက်ခဲ့ရာ အတန်ကြာသွားမိတဲ့အခါ ‘အော် ဒုက္ခဆိုတာ တော်တော်လေးတာပဲ’ လို့ ပြောပြန်သတဲ့။

ဒါနဲ့ ဆက်ထွက်ခဲ့ရာ အိတ်ထဲမှာ ပိတ်လှောင်ခံထားရတဲ့ခွေးတွေဟာ ဘာမှမစားရ၊ နေရတာ ကျဉ်းကြပ်တာကြောင့် တဂိန်ဂိန်နဲ့ အော်ကြတာပေါ့။ ဒါကို မျောက်ကြီးက ကြားပြီး ‘ဒုက္ခဆိုတာ အော်လည်း အော်ကြတယ်’ လို့ မှတ်ချက်ချပြန်တယ်။

ဒါနဲ့ မျောက်ကြီးဟာ တစ်နေကုန် တစ်နေခမ်း အထုပ်ကြီးကိုထမ်းပြီး သွားနေရတာကြောင့် ပင်ပန်းလာတာပေါ့။ အဲဒါကြောင့် မျောက်ကြီးက ‘ဒုက္ခဆိုတာ ပင်ပန်းတယ်’ လို့ ပြောပြန်တယ်။ နောက်ဆုံးပြောရရင်တော့ မျောက်ကြီးဟာ ဒုက္ခရဲ့ အတွင်းပိုင်း၊ အနှစ်သာရတွေမသိဘဲ အပေါ်ယံလောက်သာသိပြီး အိတ်ကြီးကို ချပစ်ထားခဲ့သတဲ့။ သူသိတဲ့ ဒုက္ခဆိုတာ အထုပ်ကြီးလေးတယ်။ အော်တယ်။ ပင်ပန်းတယ်ဆိုရုံလောက်ပဲ သိသူပါ။

ဒီသဘော အတိုင်းပါပဲ။ ကျွန်တော်တို့လည်း ဒုက္ခကို အပေါ်ယံလောက်သာ သိကြသူတွေပါ။ ဒုက္ခဆိုတာ ဆင်းရဲခြင်းဆိုတဲ့သဘောလောက်ပဲ သိကြတာပါ။ ထဲထဲဝင်ဝင် မသိကြပါဘူး။ တကယ်တမ်း လူ့လောကထဲ အနေကြာလာတဲ့အခါမှ ဒုက္ခရဲ့ အတွင်းပိုင်းအနှစ်သာရတွေကို သိခွင့်ရကြတာပါ။ ဒုက္ခရဲ့အတွင်းရုပ်ကို ဘီလူးကြီးမှန်း သိခဲ့ရတာပါ။

ဒုက္ခဆိုတာ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတွေပေးတယ်၊ ရက်စက်တယ်၊ ကြမ်းကြုတ်တယ်၊ ညှင်းပန်းနှိပ်စက်တယ်၊ ရိုက်နှက်တယ်၊ ထုထောင်းတယ်၊ အစရှိတဲ့ ဒုက္ခကပေးတဲ့ ဆိုးကျိုးတွေကို လက်တွေ့ကျကျသိခွင့်ရခဲ့ကြတာပါ။ ဒီအချိန်ကျမှ ဒုက္ခအကြောင်းတွေသိလည်း နောက်ကျသွားပြီ မဟုတ်ပါလား။ ကျွန်တော်တို့ ရုန်းထွက်လို့ မရနိုင်တော့ဘူးလေ။ ဘာလို့လဲဆိုရင် ကျွန်တော်တို့ ကိုယ်မှာ သံယောဇဉ်အထပ်ထပ်တွေ ရစ်ပတ်ခံထားနေရပြီလေ။

ဟုတ်ပါတယ်။ ကျွန်တော်တို့မှာ တွယ်တာစရာ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ဆွေမျိုးတွေ၊ မက်မောစရာ တိုက်တာ၊ အိုးအိမ် စည်းစိမ်ရတနာ၊ ရွှေ၊ ငွေ၊ ကျောက်သံတွေ၊ ခြံကြီး၊ ဝင်းကြီး၊ ကားကြီးတွေ၊ ဒီကာမဂုဏ်အာရုံတွေအပေါ် ကျွန်တော်တို့ စွဲလမ်းခုံမင်နေကြပြီလေ။ ယစ်မူးနေကြပြီလေ။ ဟုတ်ပါတယ်၊ လက်ခံပါတယ်၊ ပုထုဇဉ်တွေကိုး၊ ဒါပေမယ့်လည်း အဲဒီအဆောင်အယောင် စည်းစိမ်ဥစ္စာတွေကရော မြဲမြဲကြရဲ့လား၊ မမြဲပါ။

တရားသဘောအရ အနိစ္စ၊ သင်္ခါရပါပဲ။ တစ်နေ့မှာ ကျွန်တော်တို့အနားက ထိုအရာတွေက ခွာချင်ခွာသွားနိုင်သလို ကျွန်တော်တို့ကလည်း ထိုအရာတွေကို ခွာသွားရမှာပါ။ ဒါဆို ကျွန်တော်တို့က ဒီဝတ္ထုပစ္စည်းတွေအပေါ် စွဲလမ်းခုံမင်ဖို့လိုသေးလား၊ ဒါတွေကြောင့်ပဲ ကျွန်တော်တို့ ဒုက္ခရောက်နေကြတာလေ၊ ကျွန်တော်တို့ သတိတွေလွတ်နေကြသေးတယ်။

ပြောရရင် ကျွန်တော်တို့ဟာ နေကျက်ကျက်ပူနေတဲ့ ကွင်းခေါင်ခေါင်အလယ်မှာ ထိုင်နေတာနဲ့ တူပါတယ်။ နေပူမှန်းသိလျက်နဲ့ အသိမဝင်ဘဲ အရိပ်ထဲမဝင်ဘဲ ‘ပူလိုက်တာ၊ ပူလိုက်တာ’ လို့ ညည်းနေသူများသာ ဖြစ်ပါတယ်။ အပူတွေ့ရင် အေးတဲ့အရိပ်အာဝါသကို ရှာရမှာပေါ့။ အရိပ်တွေရှိပါတယ်။ ရှာကြည့်ပါ။ မိဘအရိပ်၊ သစ်ရိပ်၊ ဝါးရိပ်၊ တရားအရိပ် အစရှိတဲ့ အရိပ်တွေ ရှိနေပါတယ်၊ အဲဒီအရိပ်တွေထဲမှာမှ တရားအရိပ်က အအေးမြဆုံးပါ။ ဒါကြောင့် မိမိတို့ ရင်ထဲမှာ တောက်လောင်နေတဲ့ ဒုက္ခအပူမီးတွေ အေးသွားအောင် တရားရိပ်မှာ ခိုနားခြင်းက အကောင်းဆုံးပါ။ တရားရိပ်မှာ ခိုနားရမယ်ဆိုတော့ ရဟန်း၊ ရသေ့၊ ဘိက္ခုနီဝတ်ပြီးတောထွက်ရမယ်လို့ မဆိုလိုပါ။ (ဝတ်နိုင်ရင်တော့ အကောင်းဆုံးပါ)၊ ကိုယ်ပြုထားတဲ့ အမှုတွေ ရှိနေသေးတဲ့အတွက် ကိုယ်ရဲ့ လက်ရှိ လူဝတ်ကြောင်ဘဝနဲ့ တရားရိပ်မှာ ဝင်လို့ရပါတယ်။ အဲ့ဒါကတော့ ဥပုသ်စောင့်ပါ။ တရားနာပါ။ ရိပ်သာဝင်ပါ။ ပုတီးစိပ်ပါ၊ တရားထိုင်ပါ၊ ဝိပဿနာ ရှုမှတ်ပါ။ ဒါတွေဟာ အလုပ်မပျက် လုပ်နိုင်တဲ့အလုပ်တွေပါ။ လုပ်ကြည့်စေချင်ပါတယ်။ ဒီလို မြတ်စွာဘုရား ချမှတ်ခဲ့တဲ့ တရားလမ်းစဉ်အတိုင်း နည်းမှန်၊ လမ်းမှန်၊ ကျင့်ကြံအားထုတ် လုပ်သွားကြမယ်ဆိုရင် မိမိတို့ရင်ထဲမှာ ခံစားနေရတဲ့ ဒုက္ခ၊ ပရိဒေဝ၊ သောကဆိုတဲ့ အပူတွေ သက်သာသွားပါလိမ့်မယ်။

> တရားရိပ်မှာ ခိုနားရမယ်ဆိုတော့
> ရဟန်း၊ ရသေ့၊ ဘိက္ခုနီဝတ်ပြီးတောထွက်ရမယ်လို့
> မဆိုလိုပါ။ (ဝတ်နိုင်ရင်တော့ အကောင်းဆုံးပါ)၊
> ကိုယ်ပြုထားတဲ့ အမှုတွေ ရှိနေသေးတဲ့အတွက် ကိုယ်ရဲ့
> လက်ရှိဝတ်ကြောင်ဘဝနဲ့ တရားရိပ်မှာ ဝင်လို့ရပါတယ်။
> အဲ့ဒါကတော့ ဥပုသ်စောင့်ပါ။ တရားနာပါ။ ရိပ်သာဝင်ပါ။
> ပုတီးစိပ်ပါ၊ တရားထိုင်ပါ၊ ဝိပဿနာ ရှုမှတ်ပါ။
> ဒါတွေဟာ အလုပ်မပျက် လုပ်နိုင်တဲ့အလုပ်တွေပါ။
> လုပ်ကြည့်စေချင်ပါတယ်။ ဒီလို မြတ်စွာဘုရား
> ချမှတ်ခဲ့တဲ့ တရားလမ်းစဉ်အတိုင်း နည်းမှန်၊ လမ်းမှန်၊
> ကျင့်ကြံအားထုတ် လုပ်သွားကြမယ်ဆိုရင်
> မိမိတို့ ရင်ထဲမှာ ခံစားနေရတဲ့ ဒုက္ခ၊ ပရိဒေဝ၊
> သောကဆိုတဲ့ အပူတွေ သက်သာသွားပါလိမ့်မယ်။

တွေ့ကြုံနေရတဲ့ လောကဓံတရားတွေကိုလည်း တရားနဲ့ ဆင်ခြင်ပြီး ခံနိုင်ရည် ရှိလာပါလိမ့်မယ်။ ဖြစ်ခြင်း၊ ပျက်ခြင်းနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတွေကိုလည်း နားလည်လာပါလိမ့်မယ်။ လောဘ၊ ဒေါသ၊ မောဟနဲ့ ကာမဂုဏ်အာရုံတွေ ခံစားချင်စိတ်တွေ နည်းလာပါလိမ့်မယ်။

ဒါဆို လောကမှာနေရတာ နေပျော်သလို၊ သံသရာမှာလည်း အကျိုးရှိမှာ ဖြစ်ပါတယ်။ အကောင်းဆုံးကတော့ ဒုက္ခမှန်သမျှ ကင်းရာကုန်ရာ ထာဝရငြိမ်းချမ်းရာဖြစ်တဲ့ နိဗ္ဗာန်ရွှေပြည် အရောက်လှမ်းနိုင်ဖို့ပါပဲ။ နိဗ္ဗာန်ရောက်ဖို့ မလွယ်ပေမယ့် နိဗ္ဗာန်ရောက်အောင်သွားနိုင်တဲ့ လမ်းတွေ ပြထားတဲ့အတွက် အဲဒီလမ်းအတိုင်း မှန်မှန်ကန်ကန်သွားမယ်ဆိုပါရင် ဘဝတွေ ကြာလာတဲ့အခါ ကိုယ်မျှော်မှန်းရာ နိဗ္ဗာန်ရွှေပြည်ကြီးကို အရောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

**လူတိုင်း လူတိုင်း**
**ကိုယ်ဆင်းရဲ ကင်းကြပါစေ။**
**စိတ်ဆင်းရဲ ကင်းကြပါစေ။**
**နိဗ္ဗာန် မဂ်ဖိုလ် အမြန်ဆုံး ရောက်နိုင်တဲ့**
**ပုဂ္ဂိုလ်တွေ ဖြစ်ကြပါစေ။ ။**

**ချမ်းမြေ့မိုး(မန္တလေး)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Zhao liying က 37th Hundred Flower Award ရရှိ

တရုတ်ပြည်၏အမြင့်ဆုံး ဆုပေးပွဲတစ်ခုဖြစ်သည့် (၃၇)ကြိမ်မြောက် Hundred Flower Award ဆုပေးပွဲတွင် ထိုက်ထိုက်တန်တန်ဆုရရှိသွားသည့် ကျန်လီယင်းကို ပရိသတ်ဂုဏ်ယူမဆုံးဖြစ်နေကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဆုကို ကျန့်လီယင်းက ရုပ်ရှင်လောကဘက် ပြန်လည်အစပြုသည့် ပထမခြေလှမ်းမှာပင် ဂုဏ်ယူမဆုံးအောင် အရည်အချင်းများချပြနိုင်ခဲ့၍ ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်သည်။

ကျန်လီယင်းမှာ ပွဲတက်ဆုယူသည်ကို မြင်ချင်သောပရိသတ်အတွက် မဖြည့်ဆည်းပေးနိုင်ခဲ့ရသည့်အတွက် စိတ်မကောင်းဖြစ်ခဲ့ကြရသော်လည်း ရိုက်ကူးရေးများကြောင့်ဟု သိရှိခဲ့ရသဖြင့် ပရိသတ်များထပ်မံ၍ မျှော်လင့်နေကြသည်။

တရုတ်အနုပညာဘုရင်မဟု တင်စားခံရသည့် ကျန်းရီလင်၏ ဇာတ်ကားသစ်များ မကြာမီ မြင်တွေ့ကြရမည်ဖြစ်သည်။ (SKY)

## Lisa ၏ တစ်ကိုယ်တော်ဂီတ New Woman ထွက်ရှိလာ

ဘလက်ပင့်ခ်အဖွဲ့ဝင် လာလီဆာ(ခေါ်)လီဆာ၏ တစ်ကိုယ်တော်ဂီတအယ်လ်ဘမ် New Woman ထွက်ရှိလာသည်ကို သူ၏ကိုယ်ပိုင်အင်တာတိန်းမင့် L LOUD မှ အတည်ပြုခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီဆာ၏ စပယ်ရှယ်စတိတ်ပါဖျော်ဖြေမှုများနှင့် အက၊ အလှပေါင်းစပ်ထားသည့် Rock star မှ တောက်ပမှုများနှင့် မြင်တွေ့ခဲ့ပြီးနောက် New Woman ကို မိန်းမဆန်သောကကွက်များနှင့် မြင်တွေ့ရမည်ဟု လီဆာက ပြောကြားထားသည်။

ကိုယ်ပိုင်အင်တာတိန်းမင့် တည်ထောင်ပြီးနောက် လီဆာသည် သူ၏ဂီတစွမ်းရည်များကို အဆက်မပြတ်ချပြခဲ့ရာ ပရိသတ်များ အားပေးမှု တစ်ခဲနက်ရရှိထားသည့် ထိုင်းလူမျိုးကေပေါ့ပ်အဆိုတော် ဖြစ်သည်။ (SKY)






## ကလေး၏နှာခေါင်းထဲသို့ ဆားရည်အစက်ချပေးပါက အအေးမိဖျားနာမှု ရက်တိုအတွင်း ပျောက်ကင်းမည်

မိုးရာသီတွင် စိုထိုင်းသောပတ်ဝန်းကျင်မှ အအေးမိ ဗိုင်းရပ်စ်များ ကိုယ်ခန္ဓာထဲသို့ ဝင်ရောက်လာပြီး ကလေးများ အအေးမိဖျားနာလေ့ရှိကြသည်။

ဟိုက်ပါတောနစ်ဆလင်း(ခေါ်)ဆားရည်နှာခေါင်းအစက်ချဆေးဖြင့် ကလေးများ၏ အအေးမိနာကုသပုံနှင့်ပတ်သက်၍ မကြာသေးမီက ဩစတြေးလျနိုင်ငံ၊ ဗီယင်နာမြို့တွင် ကျင်းပသည့် ဥရောပအသက်ရှူလမ်းကြောင်း ရောဂါကုသရေးဆိုင်ရာ အဖွဲ့အစည်းညီလာခံတွင် သုတေသနစာတမ်းဖတ်ကြားတင်ပြခဲ့သည်။

ထိုစာတမ်းကို ဗြိတိန်နိုင်ငံ အီဒင်ဘာရာတက္ကသိုလ် ကလေးဘဝနှင့် ကျန်းမာရေးဆိုင်ရာဌာနမှ ပါမောက္ခ စတိဗ်ကန်နင်ဂမ်ဦးဆောင်ရေးသားခဲ့ခြင်း ဖြစ်သည်။

ကလေး၏နှာခေါင်းထဲသို့ ဆားရည်အစက်ချပေးပါက အအေးမိဖျားနာမှု ရက်တိုအတွင်း ပျောက်ကင်းမည်ဟု ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း ထိုပါမောက္ခက ရှင်းပြသည်။ (SCI)

## Karisma Kapoor အချစ်ရေးကံခေသူ ဖြစ်



ဘောလိဝုဒ်နာမည်ကြီးမင်းသမီးတစ်လက်ဖြစ်ခဲ့ပြီး ကရိဗ်နားကပူးလ်၏အစ်မ ကရိဗ္စမားကပူးလ်မှာ အချစ်ရေးကံခေသူတစ်ဦးဖြစ်ခဲ့သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အနုပညာရှင် ကပူးလ်မျိုးဆက်မှ ထိပ်တန်းမင်းသမီး ကရိဗ္စမားကပူးလ်သည် ၁၈ နှစ်အရွယ်နှင့် မင်းသမီးဖြစ်ခဲ့ပြီး အနုပညာသက် ဆယ်နှစ်ပြည့်ခဲ့ပြီ ဖြစ်သည်။

၁၉၉၂ခုနှစ်တွင် မင်းသားအဂျေးလ်နှင့် ချစ်သူဖြစ်ခဲ့ပြီး ၁၉၉၅ခုနှစ်တွင် လမ်းခွဲကာ အမိရှိတ်ဘဂျမ်းနှင့် ၂၀၀၂ခုနှစ်တွင် စေ့စပ်၍ လပိုင်းအကြာစေ့စပ်ပွဲပျက်ခဲ့ကာ ၂၀၀၃ခုနှစ်တွင် တစ်ခုလပ် စီးပွားရေးလုပ်ငန်းရှင် ဆန်ဂျေးနှင့်လက်ထပ်ပြီး သားသမီးနှစ်ဦးရ၍ အိမ်ထောင်သက် ဆယ်နှစ်ကြာမှ ၂၀၁၆ ခုနှစ်တွင် ပြတ်စဲခဲ့သည်။

ကပူးလ်မိသားစုဝင် ကရိဗ္စမားကပူးလ်၊ ကရီနားကပူးလ်နှင့် ရန်ဘီးကပူးလ်တို့ မိသားစုတွင် အချစ်ကံခေသူဖြစ်ခဲ့ရသည်။ (SKY)

## Jonathan Major ၏ ပြဿနာကြောင့် Shang Chi 2 အနာဂါတ်ပျောက်ဆုံးခဲ့

အမ်စီယူရုပ်ရှင် Shan Chi And The Legend Of the Rings တွင် ပါဝင်ခဲ့သည့် အဓိကဇာတ်ကောင်နေရာမှ ဂျွန်နာဆန်မေဂျာ၏ ပြဿနာများကြောင့် Shang Chi 2 ဆက်လက်ရိုက်ကူးရန် အနာဂတ်ပျောက်ဆုံးခဲ့ရသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၂၂ခုနှစ်လည်တွင် မူပိုင်ခွင့်မှတ်တမ်းအရ Shang Chi ရုပ်ရှင်သစ်အမည်ကိုShang Chi and The Wredcae Of Time ဟု အမည်ပေးထားသော်လည်း သတင်းထွက်မလာခဲ့ဘဲ ၂၀၂၄ ခုနှစ်တွင် Shang Chi သတင်းမကြားခဲ့ရချေ။

အဆိုပါ Shang Chi သရုပ်ဆောင်မှာ နာမည်ကျော်အာရှသရုပ်သရုပ်ဆောင် Bruce Lee ကို အခြေတည်ဖန်တီးထားသည့်




ဇာတ်ကောင်ဖြစ်ပြီး Shang Chi and The Legend Of Rings တွင် အာရှသား ဟီးရိုးတစ်ယောက်နှင့် ပထမဆုံး အဓိကထားမိတ်ဆက်ခဲ့သည့် ရုပ်ရှင်လည်း ဖြစ်သည်။

ယင်းဖြစ်ရပ်များနှင့်ပတ်သက်၍ ဂျိုနာဆန်မေဂျာ၏ ပြဿနာများကြောင့် Shang Chi 2 အနာဂတ်ပျောက်ဆုံးခဲ့ရသည်ဟု ပရိသတ်မှတ်ချက်ပေးထားကြသည်။ (SKY)

## မော်ဒယ်လ် Alicia Kaur က ဖက်ရှင်ရှိုးပွဲအတွက် တောင်းပန်ထား

အိန္ဒိယနိုင်ငံဒေလီမြို့ အခြေစိုက် မော်ဒယ်အေဂျင်စီတစ်ခု၏ ပင်တိုင်မော်ဒယ် Alicia Kaur က ဒေလီမြို့ ဖက်ရှင်ရှိုးပွဲတွင် မင်းသား ဆိဒ်နှင့်တွဲဖက်ခဲ့ရာမှ တောင်းပန်စကား ပြောကြားထားသည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါ ဖက်ရှင်ရှိုးပွဲတွင် ခံ့ညားချောမောနေသော ဆိဒ်ကို အလုပ်သဘောအရ ဆက်ဆံခဲ့သော်လည်း မော်ဒယ်လ်မလေး၏ စင်ပေါ်မှ ပါဖော်မင့်ကြောင့် ဆိဒ် အနည်းငယ် တန့်သွားခဲ့ရသည့်အတွက် ဆိဒ်၏ဇနီး ကီရာရာကို မော်ဒယ်လ် Alicia Kaur က တောင်းပန်စကား ပြောကြားခဲ့သည်။

ဆိဒ်မှာ မော်ဒယ်လ်ဘဝမှလာသူဖြစ်၍ အတွေ့အကြုံရှိပြီးဖြစ် သော်လည်း အိမ်ထောင်သည်တစ်ဦးဖြစ်၍ ဤသို့ပြုမူခဲ့ခြင်းဖြစ်ကာ ဆိဒ်နှင့်ရှိုးလျှောက်ခဲ့သော မော်ဒယ်လ်မလေး Alicia Kaur မှာ ပရိသတ်ကြား စိတ်ဝင်စားခြင်း ခံခဲ့ရသည်။ (SKY)





## Sugar@ Min Yoongi က ပရိသတ်ထံ တောင်းပန်ထား

ဘီတီအက်စ်အဖွဲ့ဝင် ရက်ပ်ပါအဆိုတော် ဆူဂါ(ခေါ်)မင်ယွန်းဂီသည် သူ၏မှားယွင်းမိသည့် အပြုအမူအတွက် ပရိသတ်ထံတောင်းပန်စာရေးသားထားသည့်အပြင် သူ၏အေဂျင်စီကလည်း ထပ်ဆင့်တောင်းပန်ထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လက်ရှိ သင်တန်းနားရက်ကာလဖြစ်ပြီး ဆူဂါ(ခေါ်)မင်ယွန်းဂီးသည် ညစာစားပွဲမှအပြန် လျှပ်စစ်ကီးဘုတ်နှင့်မူးနေ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်ခဲ့မိသည်။

အိမ်ရှေ့အရောက် လဲကျနေ၍ အနီးနားမှ ရဲအရာရှိက အသက်ရှူကြပ်နေသော ဆူဂါ(ခေါ်)မင်ယွန်းဂီကို စမ်းသပ်ရာမှ မူးနေသဖြင့် လိုင်စင်သိမ်းကာ ဒဏ်ငွေချမှတ်ခဲ့၍ ခွင့်မလွှတ်နိုင်သည့် တာဝန်ဖြစ်၍ သူ၏မှားယွင်းသောအပြုအမူအတွက် ဦးစွာပရိသတ်ကို တောင်းပန်စာရေးသားတင်ပြခဲ့သည်။

ဆူဂါတို့၏ ဘစ်ဟစ်အင်တာတိန်းမင့်ကလည်း ဆူဂါအပေါ်တွင် သည်ထက်ပို၍ ဂရုစိုက်သွားမည့်အကြောင်း ယခုအပြုအမူအတွက် သူတို့တွင်တာဝန်ရှိ၍ တောင်းပန်ပါကြောင်း ထပ်ဆင့်၍ ပရိသတ်ကို တောင်းပန်ခဲ့သည် ကိုရီးယားတွင် လျှပ်စစ်ကီးဘုတ်(ခေါ်)လျှပ်စစ်စက်ဘီးစီးလျှင်လည်း မူးအောင်သောက်သူကို အရေးယူခွင့်ရှိသည်။ (SKY)

*******

# 'ဟူးဟူး'အမှတ်တံဆိပ်နှင့် ၄င်းလုပ်ငန်းသုံးပုံရိပ်များအား အတုအပပြုလုပ်သုံးစွဲခြင်းအား တားမြစ်ကြောင်း သတိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ ၂၉လမ်းနှင့် ၈၃လမ်းထောင့်၊ အကွက်(၅၈၅)နေ ဦးရှိန်းဟူးအောင်(ဘ)ဦးအောင်ကျော်ဝင်း(၉/ခအဇ(နိုင်)၀၁၈၀၉၇)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် **'ဖယန်းကြီး''ရွက်နုလှိုင်''ဟူးဟူး''လက်ဖက်ပုစွန်ငပိထောင်း'**အမည်များဖြင့် ဂျပန်ဂျင်းနု၊ လက်ဖက်နုပ်အမျိုးမျိုး၊ လက်ဖက်ပုစွန်ငပိထောင်း၊ ပဲနှစ်ပြန်ကြော် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းကို ဆွေစဉ်မျိုးဆက်လုပ်ကိုင်ခဲ့ကြကြောင်း၊ အများပြည်သူတစ်ခဲနက်အားပေးခဲ့ကြပြီး ထင်ရှား၍သိက္ခာရှိသော ဒေသဆိုင်ရာလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်ခဲ့ကြောင်းနှင့် အမှတ်တံဆိပ်မြှက်ဟကြေညာခြင်း၊ မူပိုင်ခွင့်မှတ်ပုံတင်လျှောက်ထားခြင်းတို့ဖြင့် မိမိအခွင့်အရေးအား ကာကွယ်ထားပြီးဖြစ်ကြောင်း ဦးစွာပထမ အများသိစေအပ်ပါသည်။





ကျွန်ုပ်မိတ်ဆွေမှ ၄င်း၏အမည်အား အစွဲပြုသတ်မှတ်ကာ **'ဟူးဟူး'** အမည်ဖြင့် လက်ဖက်ပုစွန်ငပိထောင်း အား (၂၀၁၀)ခုနှစ်မှ စတင်ထုတ်လုပ်၍ အများပြည်သူထံ ဖြန့်ဖြူးရောင်းချခဲ့ပြီး (၂၀၁၈)ခုနှစ်တွင် (၁)တွဲလျှင် (၁၀) ထုပ်ပါ အရည်အသွေးမီ လေးထောင့်အထုပ်အတွဲကို ထုတ်လုပ်ဖြန့်ဖြူးခဲ့ပြီး ပါကင်ဒီဇိုင်းရေးဆွဲရန်အတွက် ကိုယ်ပိုင်ဓာတ်ပုံဆရာအဖွဲ့နှင့် ကိုယ်ပိုင်ဒီဇိုင်နာများအသုံးပြု၍ ကြွေပန်းကန်အတွင်း လက်ဖက်ငပိထောင်းနှင့် ပုစွန်အကောင်ငယ်များအား အလှဆင်ထားသော ပုံများရိုက်ကူးခဲ့ပါသည်။ အဆိုပါ ကုန်ပစ္စည်းဓာတ်ပုံများအတွင်းမှ ပန်းကန်ပြားအတွင်း လက်ဖက်ပုစွန်ငပိထောင်းပေါ်တွင် ပုစွန်ခြောက်ငယ်(၁၄)ကောင်အား အလှဆင်ရိုက်ကူးထားသောပုံကို မူပိုင်ခွင့်ရာသက်ပန်ဝယ်ယူ၍ **'ဟူးဟူး'**အမည်ဖြင့် ထုတ်လုပ်သမျှ လက်ဖက်ပုစွန်ငပိထောင်းအထုပ်များအားလုံးတွင်လည်းကောင်း၊ ဆိုရှယ်မီဒီယာကြော်ငြာများအားလုံးတွင်လည်းကောင်း၊ ကုန်စည်ပြပွဲနှင့် လက်ဖက်ပြပွဲများအားလုံးတို့တွင်လည်းကောင်း ယနေ့ထိတိုင် အစဉ်တစိုက်အသုံးပြုခဲ့ကြောင်း အများပြည်သူသိရှိပြီး ဖြစ်ပါသည်။

ယခုအခါ လက်ဖက်လုပ်ငန်းရှင်တစ်ဦးမှ စျေးကွက်အတွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော ၄င်းတို့၏ အမည်အမှတ်တံဆိပ်ကပ်နှိပ်ထားသည့် ပုစွန်လက်ဖက်ထောင်းအထုပ်ငယ်များတွင် ကျွန်ုပ်မိတ်ဆွေမှ မူပိုင်ခွင့်ရာသက်ပန်ဝယ်ယူထားပြီး အစဉ်တစိုက် အသုံးပြုခဲ့သည့် **'ပန်းကန်ပြားအတွင်း လက်ဖက်ပုစွန်ငပိထောင်းပေါ်၌ ပုစွန်ခြောက်ငယ်(၁၄)ကောင်အား အလှဆင်ရိုက်ကူးထားသော ဓာတ်ပုံ'** အား အသုံးပြုဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း ကျွန်ုပ်မိတ်ဆွေတွင် သက်သေခံအထောက်အထားမှတ်တမ်းများ ခိုင်လုံစွာရရှိထားပြီး ၄င်းခွင့်ပြုချက်မဲ့အသုံးပြုသူများထံသို့လည်း အကြောင်းကြားစာပေးပို့တားမြစ်ပြီး ဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ ကောင်းမွန်သော ဂုဏ်သိက္ခာနှင့် လုပ်ငန်းပုံရိပ်အား အများပြည်သူအထင်အမြင်လွဲမှားခြင်းမဖြစ်ပေါ်စေရန်အတွက် စျေးကွက်အတွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချထားပြီးဖြစ်သော ၄င်းတို့နှင့်တကွ ခွင့်ပြုချက်မဲ့ သုံးစွဲခဲ့ကြသူများအားလုံးတို့အနေဖြင့် စျေးကွက်အတွင်းရောက်ရှိပြီးသော ကုန်ပစ္စည်းများအား ဤသတင်းစာကြေညာပါရှိသည့်ရက်မှ (၇)ရက်အတွင်း အလုံးစုံပြန်လည်သိမ်းဆည်းစေရန်နှင့် အထက်ပါကိစ္စများနှင့် အလားသဏ္ဍာန်တူညီသော လုပ်ရပ်များနှင့်ပတ်သက်၍ ဆက်လက်ကျူးလွန်ခြင်း၊ ထပ်မံကျူးလွန်ခြင်းများပြုခဲ့ပါက ကျွန်ုပ်မိတ်ဆွေအနေဖြင့် လက်ခံခွင့်ပြုမည်မဟုတ်ကြောင်းနှင့် ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ မည်သည့်အချိန်တွင်မဆို ကျွန်ုပ်မိတ်ဆွေ၏ အမှတ်တံဆိပ်နှင့်တကွ လုပ်ငန်းတွင်အသုံးပြုသော စာသားများ၊ ပုံရိပ်များ၊ အညွှန်းကိန်းများနှင့်ပတ်သက်၍ သုံးစွဲမည်ဆိုပါက ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်အရသာ ဆောင်ရွက်ခွင့်ရှိမည်ဖြစ်ကြောင်း ထပ်မံ၍ အပြင်းအထန်သတိပေး တားမြစ်လိုက်သည်။

သို့ဖြစ်ရာ ကျွန်ုပ်မိတ်ဆွေသာလျှင် ပိုင်ရေးပိုင်ခွင့်ရှိသော အမှတ်တံဆိပ်နှင့်တကွ လုပ်ငန်းပုံရိပ်များအား မည်သူမဆို မည်သည့်နေရာတွင်မျှ ထပ်မံသုံးစွဲခြင်းမရှိစေရန်နှင့် ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ မည်သည့်ဓာတ်ပုံ၊မည်သည့် စာသား၊ မည်သည့်နည်းပညာ၊ မည်သည့်အညွှန်းကိန်းကိုမျှ သုံးစွဲခွင့်မရှိကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ ကောင်းမွန်သော လုပ်ငန်းပုံရိပ်အား အများပြည်သူအထင်အမြင်လွဲမှားစေနိုင်သော ကိစ္စရပ်များ ကျူးလွန်ခြင်း၊ ခွင့်ပြုချက်မဲ့ အတုအပထုတ်လုပ်ဖြန့်ဖြူးခြင်းတို့ဖြင့် ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ဆောင်ရွက်လာခဲ့ပါက ၄င်း၏အခွင့်အရေးအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ တရားရုံးတော်များတွင် ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် တရားတထုံးစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ ဆောင်ရွက်ခဲ့ရပါက ကုန်ကျစရိတ်အဝဝနှင့် ကျွန်ုပ်မိတ်ဆွေ၏ နစ်နာမှုအားလုံးအတွက် အထွေထွေ နစ်နာကြေး၊ အထူးလျော်ကြေးတို့အပါအဝင် တရားမနစ်နာမှုအတွက် ရထိုက်သော အခွင့်အရေးအဝဝတို့အား ကျူးလွန်သူအပေါ်၌ တာဝန်ထားရှိမည်ဖြစ်ကြောင်း စေတနာကောင်းဖြင့် တစ်ပေါင်းတည်းသတိပေးအကြောင်းကြားလိုက်သည်။

**လွှဲအပ်ချက်အရ–**

**ဦးပြည့်ဖြိုးမောင်မောင်(LL.B,LL.M)**

**(တရားလွှတ်တော်ရှေ့နေ)**

**အခန်း(၃/အေ)၊ တာဝါ(၃)၊ သီရိမင်္ဂလာကွန်ဒို၊ ၂၇ လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊ စိတ္တရမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

၀၉-၂၀၃၅၃၀၁၊ ၀၉-၂၀၀၀၁၈၄၊ ၀၂-၂၈၄၄၉၅၉

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(၄၄၇)၊ သံလျက်မော်တောင်ရပ်ကွက်၊ ဧရိယာ(၀ ဒမသ ၀၀၄၆)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီနှစ်ထပ်ခွဲတိုက် အပါအဝင် လျှပ်စစ်မီးမီတာ၊ အဝီစိရေ၊ ဝင်းခြံအကာ အရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်သည့် (၁) ဦးဝင်းမင်းသန်း(ဘ)ဦးညိုလေး(၉/မဟမ(နိုင်)၀၂၇၁၇၄)၊ (၂) ဒေါ်ချိုချိုသီ(ဘ) ဦးသိန်းဝင်း(၁၀/ပဒန(နိုင်)၁၆၂၂၀၅)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ဤကြေညာသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| **ဒေါ်ဇာဇာမောင်** | **ဦးထွန်းလွင်ဦး** | **ဦးသိန်းဦး(ချယ်ရီမြေ)** | **ဒေါ်သီတာကို** |
|---|---|---|---|
| LL.B, DL-101, IPLaw | LL.B, H.G.P | B.Sc,H.G.P, P.G.D.L | LL.B |

**တရားလွှတ်တော်ရှေ့နေများ**

Mandalay Justice Law Firm

**အမှတ်(၅၁)၊ ၈၇(A)လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

E.mail;zarzarmaung.lawyer@gmail.com

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၃)၊ ဦးပိုင်နံပါတ်(၅၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးကျော်ခင်အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း (၃၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးကျော်လှိုင်ဦး(ဘ)ဦးထွန်းကြည်(၉/မကန(နိုင်)၀၁၅၈၉၀)နှင့် ဦးခင်မောင်သောင်း(ဘ)ဦးထွန်းကြည်(၉/မကန(နိုင်)၀၄၉၃၉၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်သူဇာဝင်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(၄၁၃/ဥယျာဉ်တန်း)၊ ဦးပိုင်အမှတ်(၃-က/၁)၊ ဧရိယာ(၂၇ပေ×ပေ၂၀)အကျယ်အဝန်းရှိ မြေကွက်သည် သက်ဆိုင်ရာ မြို့ပြမြေယာမှတ်တမ်းများ၌ ဦးနေဝင်း အမည်ပေါက်သော မြေကွက်ဖြစ်ကြောင်း၊ ရောင်းချရန်ကတိပြုသူဖြစ်သော ဒေါ်ငယ်(ဘ)ဦးသင်(၉/မနမ(နိုင်)၀၄၈၄၉၄)က ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ကြောင်း၊ ယခုမိမိလက်ရှိပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ရောင်းချရန်ကတိပြုသူဖြစ်သော ဒေါ်ငယ်ထံမှ အဆိုပါမြေကွက်နှင့် မြေပေါ်-မြေအောက်ပိုင်ဆိုင်ခွင့်အရပ်ရပ်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မိမိ၏အကျိုးတစ်စုံတစ်ရာ သက်ဆိုင်ခြင်းကြောင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း ပြည့်စုံခိုင်မာသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်နိုင်သူဇာလင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ခင်စိုးဝင်း(LL.B) ဒေါ်ဇင်မာစိုး(LL.B) ဒေါ်သူဇာကျော်(LL.B) ဒေါ်အိအိခိုင်(LL.B)**

**အထက်တန်းရှေ့နေများ**

**" နိုင်သစ္စာ " ဥပဒေဝန်ဆောင်မှုလုပ်ငန်း**

**၃၅လမ်း၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ။**

၀၉-၂၅၉၂၂၀၃၄၅ ၊၀၉-၈၉၂၃၃၄၄၅၅

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၂)တွင် တည်ရှိသော ဦးပိုင်အမှတ်(၈၅)အတွင်းမှ အနောက်ဘက်ခြမ်း (၂၀×၆၀)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်ခင်မြင့်(ခ)ဒေါ်ညွန့်ရီ(၉/မနတ(နိုင်)၀၉၅၀၈၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| **ဦးလှမိုး(ဥပဒေတွဲ)** | **ဒေါ်ဝေဝေအောင်(ဥပဒေတွဲ)** |
|---|---|
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**

**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် CITIC Star Scholarship ပေးအပ်ပွဲသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဝင်ဒမ်ဂရမ်း ရန်ကုန်ဟိုတယ်၌ ကျင်းပပြုလုပ်သည့် CITIC Myanmar နှင့် တရုတ်နိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း (China Foundation For Rural Development-CFRD) တို့ ပူးပေါင်းကျင်းပသော CITIC Star Scholarship ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။




ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် CITIC Myanmar Scholarship ပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Ms.Ma Jia၊ CITIC Star Myanmar မှ Mr. Liang Chuan Xin၊ China Foundation For Rural Development မှ Mr.Chen Hongtao၊ နိုင်ငံခြားဘာသာ တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါ်စန္ဒာနိုင်၊ တရုတ်ယဉ်ကျေးမှုစင်တာမှ တာဝန်ရှိသူများ၊ ဒေါက်တာစောမြအောင် ဖောင်ဒေးရှင်း၊ မြန်မာ - တရုတ် လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပညာသင်ဆုရ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူတို့သည် CITIC Myanmar မှ ဆောင်ရွက်လျက်ရှိသော လူမှုအကျိုးပြု မှတ်တမ်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် CITIC Group မှ ဆောင်ရွက်ခဲ့သော လူမှုအကျိုးပြု လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ဗီဒီယိုကလစ်ဖြင့် ပြသသည်။

အခမ်းအနားတွင် CITIC Myanmar မှ မန်နေဂျင်းဒါရိုက်တာ Mr. Liang Chuan Xin ၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Ms. Ma Jia၊ China Foundation For Rural Development မှ Mr. Chen Hongtao၊ နိုင်ငံခြားဘာသာ တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်၊ မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါ်စန္ဒာနိုင်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Ms. Ma Jia ၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများက ပညာသင်ဆုရ နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူတို့ကို ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာသင်ဆုရရှိသော ကျောင်းသား နှစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ကျောင်းသား ကျောင်းသူများက တရုတ်-မြန်မာ နှစ်နိုင်ငံယဉ်ကျေးမှုအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် CITIC Myanmar နှင့် China Foundation For Rural Development တို့မှ တာဝန်ရှိသူနှစ်ဦးသည် Strategic Agreement ကို လက်မှတ်ရေးထိုးကြပြီး တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

CITIC Myanmar သည် ၂၀၁၅ ခုနှစ်မှစ၍ တရုတ်နိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းနှင့် ဒေသခံအဖွဲ့အစည်းတို့ဖြင့် ပူးပေါင်း၍ လူမှုအကျိုးပြု စီမံကိန်းများကို ဆောင်ရွက်ခဲ့ကြပြီး CITIC Star Scholarchip ပညာသင်ထောက်ပံ့ကြေး အစီအစဉ်တွင်လည်း တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ပညာရေးဆုံးခန်းတိုင်ပြီးမြောက်စေရန်အတွက် ငွေကြေးအထောက်အပံ့နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတွင် အထောက်အကူဖြစ်စေရန် နှစ်နှစ်ထောက်ပံ့ပေးလျက် ရှိသည်။ CITIC Myanmar အနေဖြင့် ကျောင်းသား ကျောင်းသူများအား ငွေကြေးထောက်ပံ့မှုအပြင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန် ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစီမံကိန်းအား China Foundation For Rural Development မှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ BRICS Media Summit တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပမည့် BRICS Media Summit သို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



အဆိုပါ BRICS အဖွဲ့အစည်းအမည်ကို ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံများ၏ ထိပ်စီးစာလုံးများဖြင့် ပေါင်းစပ်၍ ၂၀၀၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် အစိုးရအဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့အစည်းဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် အီရန်၊ အီဂျစ်၊ အီသီယိုပီးယားနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံတို့ ထပ်မံပါဝင်ခဲ့သဖြင့် အဖွဲ့ဝင် ကိုးနိုင်ငံရှိလာသည့်အပြင် ဆော်ဒီအာရေဗျနိုင်ငံမှာ ဖွဲ့စည်းမှုတွင် ပါဝင်ခြင်းမရှိသေးသော်လည်း ပူးပေါင်းလှုပ်ရှားလျက်ရှိသည်။

BRICS ထိပ်သီးအစည်းအဝေးများကို အဖွဲ့ဝင်နိုင်ငံများက နှစ်စဉ်အိမ်ရှင်အလှည့်ကျစနစ်ဖြင့် ကျင်းပလျက်ရှိရာ ယခုနှစ်အောက်တိုဘာလတွင် ရုရှားနိုင်ငံ ကဇန်ဒေသ၌ (၁၆) ကြိမ်မြောက် BRICS ထိပ်သီးညီလာခံကို လက်ရှိအဖွဲ့အစည်းဥက္ကဋ္ဌ ရုရှားသမ္မတ ဗလာဒီမာပူတင် ဦးဆောင်၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

BRICS အဖွဲ့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများအသားပေးလုပ်ဆောင်ရန်ရည်ရွယ်၍ မူလက ဖွဲ့စည်းခဲ့ခြင်းဖြစ်သော်လည်း နှစ်စဉ်ကျင်းပခဲ့သည့် ညီလာခံများ၌ နိုင်ငံစုံမူဝါဒများ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်းဖြင့် ပထဝီဝင်နိုင်ငံရေးအုပ်စုအဖြစ် ပြောင်းလဲလာပြီး ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လုပ်ဆောင်ရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ BRICS မီဒီယာထိပ်သီးအစည်းအဝေးများကို BRICS နိုင်ငံများအကြား သတင်းအချက်အလက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နည်းပညာကဏ္ဍမြှင့်တင်နိုင်ရေးကဏ္ဍစုံမှ ကျွမ်းကျင်သူများဖြင့် နှစ်စဉ်ဆွေးနွေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်အစည်းအဝေးကို ရုရှားနိုင်ငံ မော်စကိုမြို့ရှိ World Trade Center တွင် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိ ရုရှားသတင်းအေဂျင်စီ (TASS)မှ တာဝန်ခံ ကျင်းပမည်ဖြစ်သည်။

ယင်းအစည်းအဝေးသို့ BRICS အဖွဲ့ဝင်နိုင်ငံများမှ ထိပ်တန်းမီဒီယာအဖွဲ့အစည်းများမှ အကြီးအကဲများအပြင် BRICS နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရန် စိတ်ဝင်စားသည့်နိုင်ငံများမှ မီဒီယာများ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ဦးသက်ဆွေနှင့် ညွှန်ကြားရေးမှူး ဦးဟန်ဝင်းအောင်တို့ လိုက်ပါသွားကြသည်။

သတင်းစဉ်

# နည်းပြ အာတီတာ အာဆင်နယ်အသင်းနှင့် ၂၀၂၇ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို




**လန်ဒန် စက်တင်ဘာ ၁၂**

အာဆင်နယ်အသင်းသည် အသင်းနည်းပြ အာတီတာအား ၂၀၂၇ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် အာဆင်နယ်အသင်းအား ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၃၅ ပွဲတွင် ၁၃၉ ပွဲနိုင်၊ ၃၉ ပွဲသရေ၊ ၅၇ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ပြီး ရလဒ်ကောင်းများစွာ ရရှိအောင်လည်း ရယူပေးထားနိုင်ခဲ့သည်။

အသက်(၄၂)နှစ်အရွယ်ရှိ နည်းပြ အာတီတာက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းမှာ ရှိတာရော ကလပ်မှာရှိတဲ့ လူတိုင်းနဲ့ ကျွန်တော်ကြားက ဆက်ဆံရေးအတွက်ရော အမြဲဂုဏ်ယူမိပါတယ်။ ပြီးတော့ ကျွန်တော့်အပေါ် အမြဲထောက်ခံမှု အပြည့်အဝပေးတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း လာမည့်စိန်ခေါ်မှု အသစ်တွေကို ရင်ဆိုင်သွားဖို့ အဆင်သင့်ပါပဲ။ ဒီအသင်းနဲ့အတူ ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ် ချန်ပီယံဆုကြီးကိုလည်း ရယူသိမ်းပိုက်သွားလိုပါတယ်" ဟု ပြောသည်။

အာဆင်နယ်အသင်းသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပွဲစဉ်(၃)ပွဲ ကစားအပြီးတွင် ရမှတ် ၇ မှတ်ဖြင့် အဆင့်(၄)နေရာတွင် ရပ်တည်လျက်ရှိသည်။ **(နိုင်ကမ္ဘာ)**